မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံးဖွင့်လှစ်သော တံတားအမှတ်စဉ်(၁) မမြချောင်းတံတား အင်ပူမြို့နယ်၌ တည်ဆောက်ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသည့် ကုန်ပစ္စည်းများ နိုင်ငံတစ်ဝန်းသို့ ပိုမိုမြန်ဆန်စွာပို့ဆောင်နိုင်မည်

ရန်ကုန် ဧပြီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်ပူမြို့နယ် ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံးဖွင့်လှစ်သော တံတားအမှတ်စဉ်(၁) မမြချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ခွင့်ပြုအလေးချိန် တန် ၆၀

မမြချောင်းတံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၁၉၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။ ***စာမျက်နှာ ၃ ကော်လံ ၁ ❍***

ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ မမြချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်များ ထက်မြက်မြင့်မားလာစေရန် အခြေခံပညာအဆင့်မှစ၍ လေ့ကျင့်သင်ကြားပေးမည်

နေပြည်တော် ဧပြီ ၂၈

အခြေခံပညာအထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တွင် လေ့လာသင်ယူနိုင်မှုစွမ်းရည် မြင့်မားရေးအတွက် အခြေခံပညာအဆင့်မှစ၍ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်များ ထက်မြက်မြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ခေတ်ပြောင်းစနစ်ပြောင်းကာလမှာ မိမိတို့၏ အတွေးအခေါ်များကိုပါ မြှင့်တင်ပြောင်းလဲပြီး အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၅/၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အရှိန်အဟုန်မြှင့်

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ ပညာရေးဆိုင်ရာ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ မသင်မနေရ မူလတန်းပညာရေးစနစ် ချမှတ်ဆောင်ရွက်ရေး၊ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရေး၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စတင်လျာထားပြုစုဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး လုပ်ငန်းများကိုလည်း ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁ ✻***

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၂၉ ရက်)

ဒီရေတောဂေဟစနစ် ထူထောင်ထိန်းသိမ်းရေး ပြည်သူများလက်တွဲပါဝင်

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်သည်လည်း ကမ္ဘာတစ်ဝန်း ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ဆီးနှင်းထူထပ်ခြင်းစသည့် အခြေအနေများ တွေ့ကြုံကြရသည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်များနှင့်ပြည့်စုံနေသည့်အလျောက် ဂေဟစနစ်များသည်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူများအပါအဝင် သက်ရှိသတ္တဝါများအပေါ် အကျိုးပြုလျက်ရှိသည်။ ယင်းအကျိုးပြု သစ်တောဂေဟစနစ်များတွင် ဒီရေတောများလည်း ပါဝင်လျက်ရှိသည်။ ဒီရေတောပင်ဟူသည်မှာ ပင်လယ်ဆားငန်ရေကို မကြောက်သော ဗြူး၊ မဒမ၊ ကနစို၊ ဗြူးခြေထောက်၊ သင်ပေါင်းစသည့် သဘာဝပေါက်ပင်များဖြစ်ကြသည်။

ဒီရေတောများသည် လယ်ယာမြေများကို ဆားငန်ရေဝင်ရောက်မှု တားဆီးပေးနိုင်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုများမှလည်း ကာကွယ်ပေးခြင်းနှင့် ငါး၊ ပုစွန်များရှင်သန်ကြီးထွားရန်အတွက် အစာကွင်းဆက်ကို သဘာဝအလျောက်ဖြစ်ပေါ်စေခြင်းစသဖြင့် လူသားများအတွက် အကျိုးပြုလျက်ရှိသည်။

လူသားများအတွက် အဘက်ဘက်က အကျိုးပြုလျက်ရှိသော ဒီရေတောများကို အချို့သည် ထင်း၊ မီးသွေးနှင့် အိမ်ဆောက်ပစ္စည်းအဖြစ် ခုတ်ယူသုံးစွဲခဲ့ကြသည်။ နှစ်ပေါင်းရှည်ကြာစွာ ခုတ်ယူသုံးစွဲမှုကြောင့် ဒီရေတောပင်များပြုန်းတီးလာရပြီး ရာသီဥတုဖောက်ပြန်သည့်ဒဏ်ကို ဒေသခံပြည်သူများကပင် ခံစားကြရသည်။ ဒီရေတောများပျက်စီးခဲ့သောဒေသများသည် နာဂစ်မုန်တိုင်းကျစဉ်က ဆိုးရွားသော ရာသီဥတုကို ခံစားခဲ့ကြရပြီး ဒီရေတောများ ပျက်စီးမှုနည်းပါးသည့်ဒေသများသည် ဆုံးရှုံးမှုနည်းခဲ့သည်။

ဒီရေတောများ၏ အကျိုးကျေးဇူးကို သိရှိသည့်အလျောက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် လေဒဏ်၊ လှိုင်းဒဏ်ကာကွယ်နိုင်ရန် ဒီရေတောများကို တိုးချဲ့စိုက်ပျိုးထူထောင်လျက်ရှိသည်။ ထို့အပြင် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စိုက်ပျိုးထူထောင်၍လည်း ဒေသခံပြည်သူတို့လိုအပ်သည့် ထင်း၊ မျောတိုင်၊ သစ်တို့ ဖူလုံစေရန်နှင့် ရာသီဥတုဒဏ်ကာကွယ်ရန် စီမံပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ ဒီရေတောများသည် သက်ရှိသတ္တဝါအားလုံးကို အကျိုးပြုနေသည့်အလျောက် ဒီရေတောများ အရှည်တည်တံ့ရန်အတွက် ဒီရေတော ဂေဟစနစ်ထူထောင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်

မူဆယ် ဧပြီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ R.C နှစ်ထပ်ကျောင်းဆောင်သစ်တွင် လျှပ်စစ်မီးဆိုင်ရာ ကုန်ကျစရိတ်များအတွက် အလှူငွေကျပ်သိန်းတစ်ရာ ပေးအပ်ပွဲကို မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဂျဲနက်နန်ပရီက မူဆယ်မြို့နယ်၏ ပညာရေးအခြေအနေများနှင့် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

<u>လက်ခံယူ</u>

ထို့နောက် မူဆယ်မြို့ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းမောင်စိန်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ R.C နှစ်ထပ် ကျောင်းဆောင်သစ်တွင် လျှပ်စစ်မီးဆိုင်ရာ ကုန်ကျစရိတ်များအတွက် အသုံးပြုရန် ငွေကျပ်သိန်းတစ်ရာကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းထွန်းဝင်းက လက်ခံယူသည်။

အဆိုပါ R.C နှစ်ထပ် ကျောင်းဆောင်သစ်ကြီးမှာ အလျားပေ ၁၃၀၊ အနံပေ ၃၀ကျယ်ဝန်းပြီး သွပ်မိုး၊ သံကူကွန်ကရစ်ခင်း R.C နှစ်ထပ်ကျောင်းဆောင်ကြီး ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သီးနှံများကို ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုး မျိုးစေ့သုံးစွဲမှုသက်သာပြီး အထွက်နှုန်းတိုးလာမည်

သာယာဝတီ ဧပြီ ၂၈

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းသည် အထွေထွေမန်နေဂျာ(မျိုးစေ့) ဦးထိန်လင်းနှင့်အတူ ဧပြီ ၁၇ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဝန်ထမ်းများနှင့် သာယာဝတီခရိုင်ရုံး၌ တွေ့ဆုံပြီး စပါးသီးနှံကို ပေါင်းစနစ်ဖြင့် ပျိုးထောင်၍ စိုက်ပျိုးခြင်းသည် မျိုးစေ့သုံးစွဲမှု သက်သာပြီး အထွက်နှုန်းတိုးကာ စပါးထုတ်လုပ်မှု တိုးတက်လာမည်ကို လည်းကောင်း၊ စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ အထက်ထွက်ရှိရေး သိပ္ပံနည်းကျစိုက်ပျိုးရန် အချက် ၁၄ ချက်ကိုလည်းကောင်း အသေးစိတ် မှာကြားဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မြန်မာ့စိုက်ပျိုးရေး ဝန်ထမ်းများက တောင်သူများအား သိပ္ပံနည်းကျ စပါးစိုက်ပျိုးခြင်းအချက် ၁၄ ချက်ကို ပညာပေးဆွေးနွေးခြင်းများပြုလုပ်၍ လက်တွေ့စိုက်ပျိုးပြသခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြကန်သာပန်းဥယျာဉ်တွင် ဧပြီ ၉ ရက်က အဖွဲ့ဝန်ထမ်းများသန့်ရှင်းရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၂)

ကွန်ပျူတာတက္ကသိုလ်(မြိတ်) ပင်မသုံးထပ်စာသင်ဆောင် မြိတ်မြို့ ရွှေဒူးကျေးရွာတွင် တည်ဆောက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၈

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းက မြိတ်မြို့ရှိ ယုဇနဆောက်လုပ်ရေးက တာဝန်ယူဆောက်လုပ်နေသော ကွန်ပျူတာတက္ကသိုလ်(မြိတ်) ပင်မသုံးထပ်စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ယုဇနဆောက်လုပ်ရေးမှ တာဝန်ခံအင်ဂျင်နီယာ ဦးခင်ဦးက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို Power Point ဖြင့်လည်းကောင်း၊ ပုံစံငယ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆောက်အအုံသည် မြိတ်မြို့ ရွှေဒူးကျေးရွာတွင်တည်ရှိပြီး အကျယ်အဝန်းမှာ အလျား ၅၁၃ပေ၊ အနံ၃၆၂ပေ ကိုးလက်မရှိ၍ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ မြေညီထပ် အမြင့် ၁၄ပေ၊ ပထမအထပ် အမြင့် ၁၄ပေ၊ ဒုတိယအထပ်အမြင့် ၁၄ပေ၊ Multi purpose ၂၅ပေရှိ၍ စုစုပေါင်း ၇၉ပေ ၁၀လက်မရှိမည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်း အရည်အသွေးကောင်းမွန်စေရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြစ်ငယ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၆)(မြစ်ငယ်)သို့ ရောက်ရှိစစ်ဆေးပြီးနောက် မြိတ်တောင်ကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၉)(အင်းလေးကမ်း)သို့ သွားရောက်၍ ယိုယွင်းပျက်စီးလျက်ရှိသည့် ကျောင်းဆောင်အား ဥပမိရုပ် ကောင်းမွန်စေရေးအတွက် ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ယုဇနဆောက်လုပ်ရေးကုမ္ပဏီက BOT စနစ်ဖြင့် လမ်းကြီးကြပ်လုပ်ကိုင်လျက်ရှိသော မြိတ်-တနင်္သာရီ-သဲဖြူ-မောတောင်(မိုင်-၁၂၀၊ ၂ ဖာလုံ)လမ်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးခင်သက်က မြေသားလေးလမ်းသွား၊ ကတ္တရာ နှစ်လမ်းသွား လမ်းဖောက်လုပ်မှုအခြေအနေ၊ မြိတ်-တနင်္သာရီ လမ်းပိုင်း မိုင်တိုင်အမှတ် (၁၄/၃)မှ (၁၉/၆)အကြား လမ်းသစ်ဖောက်လုပ်သည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြား၍ စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုနှင့် မြိတ်-တနင်္သာရီလမ်းပိုင်း လမ်းဖောက်လုပ်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့ မမြချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

ဤတံတားကြီးဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို မြန်မာပြည်အရှေ့မှ အနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် နိုင်ငံတစ်ဝန်းသို့ ပိုမိုမြန်ဆန်စွာ ပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင်လည်း အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရှိရသည်။

လိုက်လျောညီထွေ

တံတားဖွင့်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် မမြချောင်းတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဟင်္သာတ-ဆုံကုန်း-မြန်အောင်လမ်း မိုင်တိုင်အမှတ် (၄၂/၆)၌ တည်ရှိပြီး မူလတံတားမှာ ပေ ၁၅၀ အရှည်(ပေ ၄၀ သစ်သားတံတား ပေ ၄၀ ဘေလီတံတား + ပေ ၇၀ သစ်သားတံတား) ဖြစ်ကြောင်း၊ တံတားအကျယ်မှာ ၁၂ ပေအကျယ်သာ ရှိခဲ့ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် တံတားကြီးသည် အရှည် ပေ ၁၉၀၊ တံတားအကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ် တံတားကြီးဖြစ်သည့်အတွက် နောင်တိုးတက်လာမည့် ယာဉ်စီးရေများနှင့် လိုက်လျောညီထွေဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း။

နေ့ရောညပါတည်ဆောက်

ယနေ့ဖွင့်လှစ်သည့် မမြချောင်းတံတားသစ်ကြီးသည် သံကူကွန်ကရစ်လွန်တူးပိုင်အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်နှင့် အပေါ်ထည်ကို သံကူကွန်ကရစ်နှင့် တည်ဆောက်ထားကြောင်း၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ် ၅၈ ပေ၊ အမြင့် သုံးပေရှိကြောင်း၊ ဤတံတားကြီးကို (၁-၁-၂၀၀၉)ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယနေ့ (၂၈-၄-၂၀၁၁)ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤတံတားကြီးကို နှစ်နှစ်နဲ့ သုံးလခန့် တည်ဆောက်ခဲ့ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာ ရှစ်ဦးနှင့် ကျွမ်းကျင်လုပ်သား ၇၃ ဦးတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စက်ယာဉ်ယန္တရားအနေဖြင့် ကွန်ကရစ်ဖျော်စက် နှစ်လုံး၊ ဂဟေဆော်စက် တစ်လုံး၊ တုန်ခါစက် နှစ်လုံး၊ ရေစုပ်စက် နှစ်လုံး၊ ဘိုးပိုင်လွန်တူးစက် တစ်လုံး၊ မီးစက် သုံးလုံးတို့ဖြင့် နေ့ရောညပါ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤတံတားကြီးသည် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက် ပေ ၁၈၀ နှင့် အထက် ပထမဦးဆုံးဖွင့်လှစ်သော တံတားကြီးဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အနေဖြင့် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀နှင့်အထက် ၅၅ စင်းမြောက် တံတားကြီးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၌ ပေ ၁၈၀နှင့် အထက် တည်ဆောက်ဆဲ တံတား ၃၄ စင်းလည်းရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုလက်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်နေသော လမ်းများအနက် လမ်းအချို့ကို တင်ပြရလျှင် ပဒါန်း-ဂန့်ဂေါ-ကလေးလမ်း မိုင်အရှည် ၁၀၆ မိုင် ၅ ဖာလုံ၊ မင်းလှ-စိန်ကန့်လန့်- မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း မိုင်အရှည် ၈၆ မိုင် ၆ ဖာလုံ၊ ကိုးပင်-သာဂရလမ်း မိုင် အရှည် ၉၆ မိုင် ၃ ဖာလုံ၊ ကျောက်ဆည်-ပြင်ဦးလွင်လမ်း မိုင်အရှည် ၆၂ မိုင် ၄ ဖာလုံ၊ ပြင်ဦးလွင်-မိုးကုတ်လမ်း မိုင်အရှည် ၈၄ မိုင် ၄ ဖာလုံ၊ ကသာ-စင်းခန်းလမ်း မိုင်အရှည် ၆၅ မိုင်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်အရှည် ၂၁၈ မိုင်၊ သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း မိုင်အရှည် ၃၃၀ မိုင်၊ ပျဉ်းမနား-ပင်လောင်း-တုံဟုံး-နမ့်ပန်-ညောင်ရွှေ-တောင်ကြီးလမ်း မိုင်အရှည် ၁၆၈ မိုင် ၄ ဖာလုံ၊ ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း မိုင်အရှည် ၂၂ မိုင် ၆ ဖာလုံ၊ မြေပုံ-မင်းပြားလမ်း မိုင်အရှည် ၂၄ မိုင် ၇ ဖာလုံ၊ မြေပုံ-ကန်သာ-ကြာအင်းတောင်လမ်း မိုင်အရှည် ၁၂ မိုင် ၅ ဖာလုံ၊ ပေါက်တော-မင်းပြားလမ်း မိုင်အရှည် ၂၀ မိုင် ၆ ဖာလုံ၊ ကျောက်တော်-ပလက်ဝလမ်း မိုင်အရှည် ၃၃ မိုင် ၅ ဖာလုံ၊ ရန်ကုန်-စစ်တွေလမ်း (အမ်း-စစ်တွေအပိုင်း) ၁၉၉ မိုင် ၃ ဖာလုံ၊ မင်းဘူး-အမ်းလမ်း မိုင်အရှည် ၉၇ မိုင် ၂ ဖာလုံ၊ အမ်း-တပ်တောင်လမ်း မိုင်အရှည်၂၄ မိုင်၊ ကနီ-ကင်း-မင်းကင်း-တောင်တွင်းချောင်(ကလေးဝ)လမ်း ၈၅ မိုင် ၄ ဖာလုံ၊ သီပေါ-ပန်လုံ-နမ့်ဆန်လမ်း ၃၀ မိုင် ၇ ဖာလုံ၊ လားရှိုး-မန်စံ-ပန်လုံလမ်း ၂၈ မိုင် ၄ ဖာလုံ၊ မန်စံ-နမ္မတူ-မန်တုံလမ်း ၃၇ မိုင်၊ ကျောက်မဲ - မိုင်းငေါ့-နမ့်ဆန်လမ်း ၇၆ မိုင် ၃ ဖာလုံ၊ နမ့်ဆန်-မန်တုံလမ်း ၃၇ မိုင်၊ ကွတ်ခိုင်-တာမိုးညဲ-တာပါး-ညံခွမ်း- ၁၈ မိုင် လမ်းခွဲ (တာရွှေထန်) လမ်း ၇၈ မိုင်၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း ၂၁၅ မိုင်၊ မွန်းတည့်ခွင်-ကျည်တောင် - ခါမ-နေပြည်တော်ပတ်လမ်း မိုင်အရှည် ၂၁ မိုင် ၄ ဖာလုံ တို့ဖြစ်ကြောင်း၊ ယင်းလမ်း ၂၆ လမ်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးအဖွဲ့များဖြစ်သော ခရိုင်အဖွဲ့ ၅၂ ဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ ငါးဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲငါးဖွဲ့၊ လမ်းအထူးအဖွဲ့ ၁၆ ဖွဲ့၊ တံတားအထူးအဖွဲ့ ၁၆ ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ရှစ်ဖွဲ့နှင့် လေယာဉ်ကွင်းအထူးအဖွဲ့ ရှစ်ဖွဲ့တို့အပြင် လမ်း၊တံတားလုပ်ငန်း လက်တွေ့လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီ ၁၂၆ ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေကြကြောင်း။

ဆောင်ရွက်

ထို့အပြင် လမ်းပေါင်း ၈၄ လမ်း၊ လမ်းမိုင်ပေါင်း ၅၂၅၂မိုင် ၁ ဖာလုံကို B.O.T ပေးထားသော ကုမ္ပဏီ ၃၆ ခုကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်း၊ တံတားလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က တံတားကြီး ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ဧပြီ ၂၇ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်နိုင်ငံ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ အမြန်ပြီးစီးရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံပြီး လျှပ်စစ်ဓာတ်အားကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တီဘီရောဂါတိုက်ဖျက်ရေး ဟောပြောပွဲကျင်းပ

ကျောက်ဖြူ ဧပြီ ၂၈

ကျောက်ဖြူမြို့နယ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက ခရိုင်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးသန်းက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်က တီဘီရောဂါနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ကျောက်ဖြူခရိုင် တီဘီရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာခင်နှင်းဆက်က ကျောက်ဖြူမြို့နယ်၌ တီဘီရောဂါဖြစ်ပွားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်ကျန်းမာရေး)**

နှလုံးသွေးကြောကျဉ်း ဝေဒနာရှင်များအား အထူးအစီအစဉ်ဖြင့် ကုသပေးမည်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဆေးရုံ Heart Center တွင် နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာရှင်များအား စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီးက မေ ၅ ရက်မှ စတင်၍ လာရောက်ကုသပေးမည်ဖြစ်ရာ နှလုံးဝေဒနာရှင်များ ပြည်ပသို့ သွားရောက်ကုသရန်မလိုဘဲ မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်အနေဖြင့် ကုသပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ပန်းလှိုင် ဆေးရုံ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ လှိုင်သာယာမြို့နယ် ရန်ကုန် ဖုန်း-၀၁-၆၈၄၃၂၃၊ ၆၈၄၃၂၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မျက်နှာတစ်ခုလုံးအစားထိုးကုသမှု ဘော်စတွန်ဆေးရုံ၌ အောင်မြင်စွာဆောင်ရွက်နိုင်

ဘော်စတွန် ဧပြီ ၂၈

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ဆေးရုံ၌ မျက်နှာတစ်ခုလုံး ဒုတိယအကြိမ်မြောက် အစားထိုးကုသမှု

မျက်နှာအစားမထိုးမီ တွေ့ရပုံ။

အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ဧပြီ ၂၆ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ကုသပေး

ဘော်စတွန်ရှိ ဘရစ်ဟမ်းအမျိုးသမီးဆေးရုံမှ ဆရာဝန် ၃၀ နှင့် သူနာပြုများပါဝင်သော ခွဲစိတ်ကုသရေးအဖွဲ့သည် လွန်ခဲ့သော သီတင်းပတ်က အသက် ၃၀ ရှိ မစ်ချ်ဟွန်တာ၏မျက်နှာတစ်ခုလုံးကို ပလတ်စတစ်ဆာဂျရီနည်းဖြင့် အောင်မြင်စွာ အစားထိုးကုသပေးနိုင်ခဲ့သည်။

ဟွန်တာသည် တက္ကဆက်ပြည်နယ်မှ ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦးဖြစ်ပြီး ၂၀၀၁ ခုနှစ်က ယာဉ်တိုက်မှု ဖြစ်ပြီးနောက် မျက်နှာတစ်ခုလုံး ပျက်စီးခဲ့သည်။ ၎င်းအား နှာခေါင်း၊ မျက်ခမ်း၊ နှုတ်ခမ်း၊ ပါး

မျက်နှာအစားထိုးပြီးနောက် သမီးဖြစ်သူနှင့်အတူ ဟွန်တာအား တွေ့ရစဉ်။

ကြွက်သားနှင့် နာဗ့်ကြောများ အပါအဝင် မျက်နှာတစ်ခုလုံး အစားထိုးကုသခဲ့ရသည်။ မျက်နှာအစားထိုး အလှူရှင်မိသားစုက အလှူရှင်၏ အမည်ကို ထုတ်ဖော်မပြောကြားရန် မေတ္တာရပ်ခံထားခဲ့သည်။ ၎င်း၏ မျက်နှာအား ဒေါက်တာ ဘိုဒန်ပိုမာဟတ် ဦးဆောင်ပြီး ခွဲစိတ်ကုသပေးခဲ့ခြင်း ဖြစ်သည်။

ယင်းဆေးရုံသည် ပြီးခဲ့သည့်လက ပထမဆုံးအကြိမ် မျက်နှာအစားထိုးကုသခဲ့သည်။ ယင်းနောက် ယခုအခါ ဒုတိယအကြိမ်မြောက် အစားထိုး ကုသခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း မျက်နှာအစားထိုးကုသသူပေါင်း တစ်ဒါဇင်ခန့်ရှိပြီဖြစ်ရာ အမေရိကန်၊ ပြင်သစ်၊ စပိန်နှင့်တရုတ်နိုင်ငံတို့၌လည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပထမဆုံး မျက်နှာအစားထိုးကုသမှုကို ၂၀၀၅ ခုနှစ်က ပြင်သစ်နိုင်ငံ၌ မျက်နှာ ခွေးကိုက်ခံရသော အမျိုးသမီးတစ်ဦးအား ပြုလုပ်ပေးခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန် အရှေ့တောင်ပိုင်း၌ မုန်တိုင်းတိုက် အနည်းဆုံး လူ ၂၄၆ ဦး သေဆုံး

အယ်လ်ဘားမား ဧပြီ ၂၈

အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း၌ ဧပြီ ၂၇ ရက်က မုန်တိုင်းနှင့် လေဆင်နှာမောင်းများတိုက်ခတ်ခဲ့ရာ နောက်ဆုံးရရှိသော သတင်းအရအနည်းဆုံး ၂၄၆ ဦး သေဆုံးသွားခဲ့ကြောင်း၊ အဆိုးဆုံးမှာ အလာဘားမားပြည်နယ်၌ဖြစ်ပြီး ၁၆၂ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)**

သေဆုံးခဲ့

လွန်ခဲ့သည့် သုံးရက်က အလာဘားမားပြည်နယ်နှင့် အမေရိကန် တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီးမှုများကြောင့် စုစုပေါင်း ၁၇၀ ကျော် သေဆုံးခဲ့ရသည်။

လေထဲသို့လွင့်ပါ

အလွန်အားပြင်းသော လေဆင်နှာမောင်းတစ်ခုသည် အလာဘားမားပြည်နယ်၏မြို့တစ်မြို့ဖြစ်သော တူစကာလိုဆာမြို့၌ တိုက်ခတ်ခဲ့ကြောင်း အလာဘားမားပြည်နယ်တွင် ဧပြီ ၂၇ရက်က တိုက်ခတ်ခဲ့သည့် လေဆင်နှာမောင်းကြောင့် နေအိမ်အများအပြားပျက်စီးပြီး ရာပေါင်းများစွာသော သစ်ပင်ကြီးများ၊ မော်တော်ကားများ လေထဲသို့လွင့်ပါသွားကြောင်း သိရသည်။

မစ္စစ္စပီ၊ ဂျော်ဂျီယာနှင့် တင်နက်ဆီပြည်နယ်များ၌လည်း မုန်တိုင်းနှင့် လေဆင်နှာမောင်းကြောင့် သေဆုံးမှုများရှိကြောင်း သိရသည်။ အစိုးရက အရေးပေါ်အကူအညီပေးရန် ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

အီဂျစ်၌ ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်ပေါက်ကွဲ

အီလ်အာရစ် ဧပြီ ၂၈

အီဂျစ်နိုင်ငံမြောက်ပိုင်းနယ်စပ်မြို့ အီလ်အာရစ်အနီးတွင် ဧပြီ ၂၇ ရက်က ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ ဓာတ်ငွေ့ဖြန့်ဖြူးမှုများ ရပ်ဆိုင်းသွားကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

မြင့်တက်ခဲ့

၎င်းဓာတ်ငွေ့ပိုက်လိုင်းမှာ အီဂျစ်နိုင်ငံမှ ဂျော်ဒန်နှင့် အစ္စရေးနိုင်ငံများသို့ ဓာတ်ငွေ့ဖြန့်ဖြူးပေးပို့နေသော ဓာတ်ငွေ့ပိုက်လိုင်းဖြစ်သည်။ ထိုသို့ မီးလောင်ပေါက်ကွဲမှုကြောင့် မီးတောက်မီးလျှံများ ဝေဟင်အမြင့် ပေ ၃၀ ခန့်အထိ မြင့်တက်ခဲ့သည်။

စုံစမ်းစစ်ဆေး

ယခုအခါ မီးသတ်တပ်ဖွဲ့များက မီးငြိမ်းသတ်လျက်ရှိပြီး ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ဖိလစ်ပိုင်၌ စစ်ဘက်လေယာဉ်ပျက်ကျ လေယာဉ်မှူး သေဆုံး

မနီလာ ဧပြီ ၂၈

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းတွင် ဖိလစ်ပိုင်စစ်ဘက်လေယာဉ် တစ်စင်း ဧပြီ ၂၇ ရက်က ပျက်ကျခဲ့ရာ လေယာဉ်မှူးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဧပြီ ၂၈ ရက်၌ ပြောကြားသည်။ (အောက်ပုံ)

ပြုလုပ်

၎င်းလေယာဉ်သည် ဘာဂတ်မြို့အနီးတွင် ဧပြီ ၂၇ ရက် ညနေ ၃ နာရီခန့်က ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

၎င်းလေယာဉ်သည် လေယာဉ်မောင်းနှင်မှုစနစ် ချွတ်ယွင်းခြင်းကြောင့်ဖြစ်နိုင်ကြောင်း၊ သေဆုံးသည့်လေယာဉ်မှူးမှာ ဗိုလ်မှူးဂါတပ်စ်ဆူယွန်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

★ မိုးမြင့်လင်းလက် – စုစည်းသည် ★

ရုရှားအာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်

မော်စကို ဧပြီ ၂၈

ရုရှားနိုင်ငံမှ ကုန်တင်အာကာသယာဉ်တစ်စင်းကို ကာဇက်စတန်ရှိ ဘိုင်ကိုနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ဧပြီ ၂၇ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ရုရှားအာကာသယာဉ်ထိန်းချုပ်ရေးဌာနမှ ဧပြီ ၂၈ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

လွှတ်တင်

နိုင်ငံတကာအာကာသယာဉ်စခန်းအတွက် ကုန်ပစ္စည်းတန်ချိန် ၂ ဒသမ ၆ တန်ခန့် သယ်ဆောင်သွားသော ၎င်း အမ်-၁၀ အမ်သည် ယခုနှစ်၌ အာကာသယာဉ် စခန်းသို့ ရုရှားက ဒုတိယအကြိမ်မြောက် လွှတ်တင်သည့် အာကာသကုန်တင်ယာဉ်လည်း ဖြစ်သည်။ ရေ၊ စားနပ်ရိက္ခာ၊ လောင်စာဆီနှင့် အောက်ဆီဂျင်တို့အပါအဝင် အခြားကုန်ပစ္စည်းများကို သယ်ဆောင်သွားသော အမ်-၁၀ အမ် အာကာသယာဉ်သည် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ဧပြီ ၂၉ ရက်၌ ချိတ်ဆက်မည်ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယခုနှစ်၌ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသယာဉ်ခြောက်စင်းလွှတ်တင်ရန် စီစဉ်ထားသည်။ (အင်တာနက်)

ပါကစ္စတန် ကရာချိမြို့၌ ဗုံးပေါက်ကွဲ၊ ငါးဦးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၂၈

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဧပြီ ၂၈ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကရာချိမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။ ***(ယာပုံ)***

ဖြစ်ပွားမှုမှာ ကရာချိမြို့ကာဆက်ခရိုင်အတွင်းရှိ လူစည်ကားရာလမ်းမပေါ်၌ဖြစ်ပြီး အလေးချိန် ၆ ဒသမ ၆ ပေါင်ခန့်ရှိသော ဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ပေးထားသည်။ ကရာချိမြို့တွင် လွန်ခဲ့သည့် နှစ်ရက်ကလည်း ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများဖြစ်ပေါ်ခဲ့သည်။ ယခုလမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။ ***(အင်တာနက်)***

29-4 (04).pmd 1 4/29/2011, 2:07 AM

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကုလဌာနေကိုယ်စားလှယ်တို့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ရှင်းလင်းဆွေးနွေး

ထို့အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP)၏ ဌာနေကိုယ်စားလှယ် Mr. Bishow B. Parajuli သည် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် UNDP မှ ပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းများဆိုင်ရာ ကိစ္စရပ်များနှင့် (UN System)ကုလသမဂ္ဂအဖွဲ့စနစ်တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ ဒို့တာဝန်အရေး(၃)ပါး
၈း၁၃ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅ ၃။ နိုင်ငံတော်သီချင်း
၄း၁၀ ၄။ အဖွင့်သီချင်း
၄း၁၅ ၅။ မျိုးချစ်တပ်မတော်
၄း၂၀ ၆။ မဟာဂီတချိုကြည်မြ
၄း၃၀ ၇။ ဇာတ်လမ်းတို
၄း၃၅ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ၁၀။ အိုင်စီတီသုတ
၅း၀၀ ၁၁။ ကြိုတင်တားဆီးရန်သူမီး
၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ** (အပိုင်း-၈)
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၆။ **ရွှ** ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၃)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဒို့တာဝန်အရေး(၃)ပါး
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ စိုက်ပျိုးသုတ
၂၅။ သံစဉ်များနှင့်ကမ္ဘာ
၂၆။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း-၉)
၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်

ပိဋကတ်တော်လာ ပုဂံခေတ်နံရံဆေးရေးပန်းချီနှင့် ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင်ရှေးဟောင်းဓာတ်ပုံများ (ပထမတွဲ)တို့ကို ထုတ်ဝေဖြန့်ချိ

နေပြည်တော် မေ ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်၍ စာအုပ်၊ စာတမ်း၊ စာစောင်များကို စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခု ပိဋကတ်တော်လာ ပုဂံခေတ် နံရံဆေးရေးပန်းချီနှင့် ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ (ပထမတွဲ)တို့ကို ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

လေ့လာဖော်ပြထား

ပုဂံခေတ် နံရံဆေးရေးပန်းချီများအနက် ဇာတ်နိပါတ်သရုပ်ဖော်ပန်းချီများသည် မြတ်စွာဘုရားဟောကြားခဲ့သည့် ပိဋကတ်သုံးပုံအား အခြေပြုရေးဆွဲထားကြောင်း၊ ဗုဒ္ဓစာပေများနှင့် အလှမ်းဝေးသော သာမန်ပြည်သူလူထုအနေဖြင့် ဗုဒ္ဓဖြစ်တော်စဉ်နှင့် တရားတော်များကို အလွယ်တကူ သိရှိနားလည်စေရန် သရုပ်ဖော်ပုံများ ရေးဆွဲထားခြင်းဖြစ်ကြောင်း ဓာတ်ပုံ၊ ပုံဆွဲများဖြင့် ဖော်ပြထားသည်။ ယင်းအပြင် ပုဂံဒေသ၌ နံရံ ဆေးရေးပန်းချီရှိ ဂူဘုရားများ စာရင်းနှင့် ထူးခြား၍ရှားပါးလှသည့် နံရံဆေးရေးပန်းချီများအကြောင်းကိုလည်း လေ့လာဖော်ပြထားသည်။

အမြင်အမျိုးမျိုး

ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ (ပထမတွဲ)စာအုပ်သည် ရှေးဟောင်းသုတေသနဌာနက ၁၉၀၁ ခုနှစ်မှ ၁၉၀၆ ခုနှစ်အတွင်း ပုဂံဒေသရှိ ရှေးဟောင်း အဆောက်အအုံများအား ရိုက်ကူးမှတ်တမ်းတင်ထားသော ဓာတ်ပုံများကို ရိုက်နှိပ်ဖော်ပြထားခြင်း ဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၁၀၀)ကျော် စောင့်ရှောက်မှုကင်းမဲ့နေသည့် အချိန်အခါက မှတ်တမ်းပုံများနှင့် ယခုစောင့်ရှောက် ထိန်းသိမ်းထားသည့် အခြေအနေမှာ များစွာကွာခြားသွားကြောင်း တွေ့မြင်နိုင်သည်။ အချို့မှာ အကောင်း၊ အချို့မှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေပုံ၊ အချို့မှာ ပျက်စီးပြိုကျတော့မည့် အခြေအနေ၊ အချို့မှာ ရပ်ရွာဒေသကစောင့်ရှောက်ထားမှု အခြေအနေ စသည်ဖြင့် အမြင်အမျိုးမျိုးကို ခံစားရမည် ဖြစ်သည်။

ဆက်သွယ်ဝယ်ယူနိုင်

၎င်းစာအုပ်များကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်၊ မန္တလေး၊ ပုဂံအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ပြတိုက်နှင့်စာကြည့်တိုက်များ၌ လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ရုံးအမှတ် (၃၅) ဖုန်း- ၀၆၇-၄၀၈၀၄၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် (၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် ဆိပ်ဖူးတောင် (က)အသင်းက ဆိပ်ဖူးတောင် (ခ)အသင်းကို ၅၂ မှတ် ၈ မှတ်ဖြင့် နိုင်ပြီး ကန္တာရဝတီ (ကယား)အသင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းကို ၃၄မှတ် ၂၃ မှတ်ဖြင့် အနိုင်ရရှိသည်။ **(ယာပုံ)**

အမျိုးသားပြိုင်ပွဲတွင် ကန္တာရဝတီ(ကယား)အသင်းက KINGS အသင်းကို ၇၉ မှတ် ၂၄ မှတ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) (က) အသင်းက ဟသ်ာတ အသင်းကို ၅၉ မှတ် ၁၀ မှတ်၊ မိုးကုတ်အသင်းက COBRA အသင်းကို ၄၅ မှတ် ၃၂ မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို မေ ၂၉ ရက် နံနက် ၈ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

စံချိန်တင်

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ်နှစ်ခုကို ရဲမင်းဆွေက အမျိုးသား Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ တစ်ခုနှင့် ရှုံး/ထွက် ပြိုင်ပွဲ တစ်ခုတို့ ရယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ရဲမင်းဆွေသည် ရှုံး/ထွက် ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပစ်ခတ်ခဲ့သော ရမှတ် ၉ ဒသမ ၆ မှတ်နှင့် အမှတ်ပေးပြိုင်ပွဲတွင် ပစ်ခတ်ခဲ့သော ရမှတ် ၉ ဒသမ ၆ မှတ်တို့မှာ စံချိန်သစ်များဖြစ်ခဲ့ပြီး ပြိုင်ပွဲနှစ်ခုစလုံး၌ အာရှစံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ငွေတံဆိပ်လေးခုကို အောင်ငိုမ်းက အမျိုးသမီး Compound တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှတစ်ခု၊ ရှုံး/ထွက် ပြိုင်ပွဲမှ တစ်ခု၊ Compound Mix-Team ပြိုင်ပွဲမှ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲက တစ်ခု၊ အမျိုးသမီး Recurve တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ သင်းသင်းခိုင်က တစ်ခု၊ ကြေးတံဆိပ် ငါးခုကိုမူ အမျိုးသား Compound အသင်းက အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ အသင်းလိုက် ရှုံး/ ထွက် ပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီး Compound အသင်းက အသင်းလိုက် အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ အသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲမှ တစ်ခု၊ အမျိုးသမီး Recurve တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲမှ သင်းသင်းခိုင်က တစ်ခုတို့ အသီးသီး ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို အာရှထိပ်သီးမြားပစ်နိုင်ငံများဖြစ်သည့် ဟောင်ကောင်၊ အီရတ်၊ မွန်ဂိုလီးယား၊ အရှေ့တောင်အာရှထိပ်သီး မြားပစ်နိုင်ငံများဖြစ်သည့် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ လာအိုစသည့် နိုင်ငံ (၁၀)နိုင်ငံမှ အားကစားသမား ၈၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပါဝင်

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရမြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ)၊ အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်၊ နည်းပြများအဖြစ် ဦးအောင်နိုင်ဦးနှင့် ဒေါ်မြတ်သူဇာမြင့်၊ ဒိုင်လူကြီးအဖြစ် ဒေါ်ကေသီ၊ အားကစားသမားများအဖြစ် ရဲမင်းဆွေ၊ စောမြကျော်သူ၊ အောင်ခြိမ့်ဘော်၊ ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ အောင်ငိုမ်း၊ သင်းသင်းခိုင်၊ လှလှစံ၊ ယောစိမ်းယနှင့် စန်းယုထွေးတို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ကျေးရူးရှင် ဖေဖေနဲ့မေမေ စာပေဟောပြောပွဲ စာအုပ်

ရန်ကုန် မေ ၂၈

ဓမ္မပဒ အပိုဒ်(၃၃၂)တွင် လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုမှ ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏ဟု ဖော်ပြထားသည်။

ဆရာချစ်နိုင်(စိတ်ပညာ)က အဆိုပါစာအုပ်တွင် လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ ကျေးဇူးရှင် ဖေဖေနဲ့မေမေ၊ မော်ပျော်များ၏ ဘဝ၊ ကဗျာဆရာကြီးများ၏ အမိ အဖနှင့် ပတ်သက်သော ကဗျာများ၊ ဓာတ်ပုံများ စသည်ဖြင့် မိဘမေတ္တာကြီးမားပုံ၊ သားသမီးတို့က ကျေးဇူးဆပ်သင့်ပုံတို့ကို စာပေဟောပြောပွဲများတွင် ထည့်သွင်းပြောဆိုခဲ့ပုံများကို တစုတစည်းတည်း ရေးသားထားသည့်အတွက် လူငယ်များ ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ **(သတင်းစဉ်)**

ရေလမ်းနှင့်ကုန်းလမ်းများ ပေါက်ရောက်နိုင်သည့် မြို့နယ်များ၌ ကုန်စည်ဒိုင်များဖွင့်လှစ်ရေး ပံ့ပိုးကူညီသွားမည်

နေပြည်တော် မေ ၂၈

ကုန်စည်ဒိုင်များအနေနှင့် သတင်းအချက်အလက် မှန်ကန်စေရေး၊ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများရှိစေရေး၊ ရေလမ်းနှင့်ကုန်းလမ်းများ ပေါက်ရောက်နိုင်သည့် မြို့နယ်များတွင် ကုန်စည်ဒိုင်များဖွင့်လှစ်နိုင်ရေးကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ပို့ကုန်အမယ်သစ်များရှာဖွေ၍ Value added လုပ်ရန်၊ ပို့ကုန်တိုးမြှင့်ထုတ်လုပ်ရန် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မေ ၂၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ အောင်တော်မူရပ် ၆၄/၂၇ လမ်းထောင့်ရှိ Oriental House ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ ကုန်သည်ပွဲစားစက်ပိုင်များ၊ မဟာကထိန်တော်အသင်းမှ တာဝန်ရှိသူများ၊ ကုန်စည်ဒိုင်မှတာဝန်ရှိသူများ၊ ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က အသင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မန္တလေးပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းက လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တက်ရောက်လာကြသော ပုဂ္ဂိုလ်များက မိမိတို့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံး၌ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တံတားဦးမြို့နယ် ဆည်ရွာကျေးရွာရှိ သဇင်နွယ် သရက်စိုက်ပျိုးရေးခြံ၌ သရက်စိုက်တောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တံတားဦးမြို့နယ် ဆည်ရွာကျေးရွာရှိ သဇင်နွယ် သရက်စိုက်ပျိုးရေးခြံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယာဉ်၊ စက်ကြွံခိုင်ရေးစစ်ဆေး

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်၊ စက်ယန္တရားများ ကြွံခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို မေ ၅ ရက်က မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရတနာပုံတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ရတနာပုံတံတား(ညောင်တုန်း)တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

ရတနာပုံတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက ရတနာပုံတံတား (ညောင်တုန်း) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့မြို့ဆိုင်ဆိုင် ခင်းကျင်းပြသမည့် နေပြည်တော်ကုန်စည်ပြပွဲ ၂၀၁၁

သတင်းဆောင်းပါး-မောင်ချစ်ကြည် နှင့် ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် မေ ၂၈

လူနေမှုဘဝပုံစံ ပြောင်းလဲလာသည်နှင့်အမျှ ကုန်စည်ပြပွဲများကို ခမ်းခမ်းနားနား ပြုလုပ်လာကြသည်။ အဆင့်မြင့်စွာ ခင်းကျင်းပြသသော ကုန်စည်ပြပွဲများကို ပြည်သူများကလည်း နှစ်ခြိုက်စွာ လက်ခံလာကြသဖြင့် နိုင်ငံတကာအဆင့်မီကုန်စည်ပြပွဲများလည်း မြန်မာနိုင်ငံတွင် ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ကျင်းပ

မြန်မာနိုင်ငံတွင် အကြီးမားဆုံး ကုန်စည်ပြပွဲကြီးတစ်ခုကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသော နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ် M.I.C.C ခန်းမသစ်ကြီး၌ မေ ၅ ရက်မှ ၈ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပတော့မည်ဖြစ်သည်။

"နေပြည်တော် ကုန်စည်ပြပွဲကြီး ၂၀၁၁"ဟု အမည်ပေးထားသော ယင်းကုန်စည်ပြပွဲတွင် ပြခန်းပေါင်း ၂၅၀နှင့် ကုန်ပစ္စည်းအမျိုးအစားပေါင်းများစွာ ပါဝင်ပြသမည်ဖြစ်ရာ နေပြည်တော်၏ဂုဏ်ဒြပ်ကို ထင်ဟပ်စေမည့် နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါမည့် ကုန်စည်ပြပွဲပင်ဖြစ်သည်။

နေပြည်တော်တွင် ခင်းကျင်းပြသမည့် ကုန်စည်ပြပွဲကို မြန်မာနိုင်ငံ၏ အခမ်းနားဆုံးနှင့် ပြခန်းအရေအတွက် အများဆုံး ကုန်စည်ပြပွဲအဖြစ် ကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ကုန်စည်ပြပွဲသည် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးဟူသည် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဦးတည်ချက်ကိုလည်း အထောက်အကူ ပြုနိုင်မည့်အပြင် ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများကို ပင်ရင်းကုမ္ပဏီကြီးများ၊ စက်ရုံကြီးများမှ ဈေးနှုန်းချိုသာစွာ တိုက်ရိုက်ဝယ်ယူနိုင်သည့် အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်သည်။

နေပြည်တော်ကုန်စည်ပြပွဲ ၂၀၁၁ ကျင်းပမည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ M. I. C. C အဆောက်အအုံကို ဤသို့တွေ့ရသည်။

အကျိုးရှိ

ထို့အပြင် ယခုကဲ့သို့ ကုန်စည်ပြပွဲကြီးကို ကြီးကျယ် ခမ်းနားစွာ ခင်းကျင်းပြသသဖြင့် နေပြည်တော်သို့ ဈေးကွက်ချဲ့ထွင်လိုသော လုပ်ငန်းရှင်ကြီးများအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ရာ ဘက်ပေါင်းစုံမှ အကျိုးရှိစေမည့် ကုန်စည်ပြပွဲကြီးလည်းဖြစ်သည်။

ဤသို့သော ကုန်စည် ပြပွဲကြီးကို စမတ်စီးပွားရေးအုပ်စုက စုစည်းပြီး ဖြစ်မြောက်အောင်မြင်အောင် ကြိုးစားထားခြင်းဖြစ်ကြောင်း သိရှိရသည်။ နေပြည်တော် ကုန်စည်ပြပွဲကြီး ၂၀၁၁တွင် အိမ်တွင်းအလှဆင် ပစ္စည်းများ၊ အိမ်ရာနှင့် ကွန်ဒိုမီနီယံ အရောင်းပြခန်းများ၊ ဆောက်လုပ်ရေးနှင့် စက်ကိရိယာပြခန်းများ၊ အလှကုန်၊ အဝတ်အထည်၊ ဖက်ရှင် အသုံးအဆောင် ပစ္စည်းပြခန်းများ၊ မီးဖိုချောင်သုံးပစ္စည်း၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း၊ အီလက်ထရွန်နစ် ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်း အမျိုးမျိုး၊ စတီးလ်နှင့် အလူမီနီယံ ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးနှင့်ပညာရေးဆိုင်ရာများ၊ စိုက်ပျိုးမွေးမြူရေးသုံးပစ္စည်းများနှင့် စက်မှုဇုန်ထုတ်ပစ္စည်းများ စသည်ဖြင့်ပြခန်းအလိုက် ကုန်ပစ္စည်းအမျိုးအစား စုံလင်စွာဖြင့် စနစ်တကျ ခင်းကျင်းပြသမည် ဖြစ်ကြောင်း သိရှိရသည်။ ကုန်စည်ပြပွဲလာပြည်သူများအနေဖြင့် နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများနှင့် အခြားပစ္စည်းမျိုးစုံကို စိတ်တိုင်းကျ ကြည့်ရှုလေ့လာနိုင်သည့်အပြင် ရန်ကုန်မြို့မှ ကိုချိုကြီးဦးစီးသော စူပါစတားမော်ဒယ်လ်အဖွဲ့မှ နာမည်ကျော်မော်ဒယ်လ်များနှင့် သရုပ်ဆောင်များကလည်း ဖျော်ဖြေပေးကြမည်ဖြစ်ရာ စိတ်ဝင်စားစရာဖြစ်သည်။

လေ့လာခွင့်ရ

မကြာမီ နေပြည်တော်၌ ခြိမ့်ခြိမ့်သဲ ကျင်းပတော့မည့် ကုန်စည်ပြပွဲကြီးကား နိုင်ငံတော်အတွက်လည်းအကျိုးပြု၊ ပြည်သူများအတွက်လည်းအကျိုးရှိ၊ ခင်းကျင်းပြသမည့် ကုန်ပစ္စည်းထုတ်လုပ်သူများအတွက်လည်း ကုန်သွယ်မှုအခွင့်အလမ်းကောင်းများ ရရှိစေမည့်အပြင် ပြည်သူများအတွက် ခေတ်မီကုန်ပစ္စည်းများကို လေ့လာသိရှိခွင့်ရမည်ဖြစ်ရာ နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲကြီး၌ အတူတကွ ပါဝင်ဆင်နွှဲသင့်ပါကြောင်း သတင်းကောင်းပါး ရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

နေပြည်တော် ကုန်စည်ပြပွဲ ၂၀၁၁၌ ပြသရောင်းချမည့် အိမ်တွင်းအလှဆင် ပစ္စည်းများကို တွေ့ရစဉ်။

အိမ်ရှင်မများနှင့် မီးဘေးအန္တရာယ်

သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-မြင့်အောင်(အလုံ)

ရန်ကုန် ဧပြီ ၂၈

မီးဘေးအန္တရာယ်ကြီးမားပုံကို လူတိုင်းအသိပင်ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် အနီးဝန်းကျင်ရှိ အိုးအိမ်ပစ္စည်းများပါ ပျက်စီးဆုံးရှုံးရသည့်သာဓကများစွာ ရှိခဲ့ဖူးပြီးဖြစ်ပါသည်။

မီးလောင်မှု

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ထုတ်ပြန်သောသတင်းတွင် မတ်လအတွင်း မီးလောင်မှု (၁၃၈)ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး (၁၀၇)ကြိမ်ဖြစ်ပွားခဲ့ရာ မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၇ ဒသမ ၅၄ ရာခိုင်နှုန်းရှိကြောင်း သိလိုက်ရသည်။

အမှန်တကယ်ဆိုရပါမူ မီးဖိုမီးကို အများဆုံး အသုံးပြုကြရသည်မှာ အိမ်ရှင်မများပင်ဖြစ်ပါသည်။ မိသားစုတစ်စု၏ တစ်နေ့တာ စားသောက်ရေး ချက်ပြုတ်မှုကို အိမ်ရှင်မများကသာ အဓိက ဆောင်ရွက်ကြရသည်။

တွေ့ဆုံမေးမြန်း

သို့အတွက် အိမ်တွင်း မီးဖိုမီးသုံးစွဲရာတွင် မမေ့မလျော့၊ မပေါ့မဆကြစေရန်နှင့် သတိတရားနှင့်ယှဉ်၍ သုံးစွဲတတ်ကြစေရန်၊ အကယ်၍ ချက်ပြုတ်ရင်းမှ ရုတ်တရက်မီးလန့်မှုဖြစ်ပေါ်လာပါက ကြောက်ရွံ့ထိတ်လန့်မှု မလွန်ကဲဘဲ စိတ်တည်ငြိမ်စွာဖြင့် စနစ်တကျ လျင်မြန်စွာ ငြိမ်းသတ်နိုင်ရေးအတွက် သိလိုသည့်အချက်များကို မြန်မာ့အလင်းသတင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်၏ ကူညီမှုဖြင့် ဇုန်နယ်မြေမှူး (ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ ကမာရွတ်) ရဲဗလဦးစောထွန်းအား စမ်းချောင်းမီးသတ်တွင် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှင်းလင်းပြောကြား

ဇုန်နယ်မြေမှူးက မီးဖိုမီးမှ စတင်လောင်ကျွမ်းမှုနှင့်ပတ်သက်၍ ထင်း၊ မီးသွေးမှတစ်ဆင့် လောင်ကျွမ်းမှု၊ ဂက်စ်မီးဖိုဖြင့် ချက်ပြုတ်ရာမှ မီးလောင်ကျွမ်းမှု၊ လျှပ်စစ်မီးဖြင့်တည်ရာမှ စတင်လောင်ကျွမ်းမှုတို့ကို အသေးစိတ် ရှင်းလင်းပြောကြားပေးခဲ့ပါသည်။

"ထင်း၊ မီးသွေးနဲ့ချက်ပြုတ်ဖို့ မီးစတင်မွှေးတဲ့အခါ အလွယ်တကူ မီးမွှေးဖို့ဆိုပြီး ဆေးလိပ်တို၊ ထင်းစလေးတွေကို ဓာတ်ဆီ၊ ဒီဇယ်ဆီနဲ့ စိမ်ထားကြပါတယ်။ အဲဒီအစလေးတွေကိုယူပြီး မီးမွှေးမယ်၊ နောက်စိမ်ထားတဲ့ဘူးကို အနားကဖယ်မထားဘူးဆိုရင် အဲဒီဘူးကို မီးဟပ်ပြီး မီးစတင်လောင်နိုင်ပါတယ်။ စက္ကူ သို့မဟုတ် ထင်းရှူးဆီနဲ့သာ မီးမွှေးခြင်းက အကောင်းဆုံးပါပဲ"ဟု ဆိုပါသည်။

ဖယ်ရှားထား

ဆက်လက်၍ "နောက်တစ်ခုက မီးဖိုမီးအသုံးပြုပြီးလို့ မီးဖိုထဲက လက်ကျန်မီးသွေးခဲများကို အိုးလေးနဲ့

> **"အရင်ကဆို ဒယ်အိုးထဲ မီးဝင်တောက်ရင် အရမ်းကြောက်ပါတယ်။ အခုတော့ မကြောက်တော့ဘူး။"**
> ဒေါ်နုနုအေး (အိမ်ရှင်မ)

ထည့်သိမ်းထားတတ်ကြပါတယ်။ အဲဒီလို သိမ်းတဲ့အခါ အိုးအဖုံးကို လုံအောင်ပိတ်ပြီး အိုးရဲ့အောက်ခြေ၊ ဘေးအနီးမှာ လက်နီးစုတ်စတဲ့ မီးလောင်လွယ်တဲ့ လောင်စာများကို ဖယ်ရှားထားဖို့လဲ အရေးကြီးပါတယ်" ဟု ပြောပြပါသည်။

ချက်ပြုတ်ကြော်လှော်နေရင်းမှ ရုတ်တရက်ဖြစ်ပွားတတ်သောသဘောနှင့်ပတ်သက်၍ "အောက်က မီးအရှိန်နဲ့ ဒယ်အိုးထဲက ဆီကို မီးဝင်ဟပ်တတ်ပါတယ်။ ဒါဟာ ဖြစ်တတ်တဲ့သဘောပါ။ အရမ်းကြောက်ရွံ့ထိတ်လန့်စရာမလိုပါဘူး၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး ဒယ်အိုးနဲ့ အံဝင်ခွင်ကျဖြစ်မယ့် အဖုံးနဲ့အုပ်လိုက်ပါ။ ဒါမှမဟုတ် အဝတ်တစ်ခုခုကို ရေစွတ်ပြီး အုပ်လိုက်ပါ။ ချက်ချင်း မီးငြိမ်းသွားပါလိမ့်မယ်" ဟု ဆို၍

> **"မီးဖိုခန်းက ကျဉ်းမယ်၊ လေဝင်လေထွက်လည်း မကောင်းဘူးဆိုရင်တော့ ဂက်စ်မီးဖိုနဲ့ သုံးဖို့ မသင့်ပါဘူး။"**
> ရဲဗလ ဦးစောထွန်း (ဇုန်နယ်မြေမှူး)

လွယ်ကူသော မီးငြိမ်းသတ်နည်းပညာ တစ်ခုကို ရလိုက်သည်။

ထို့နောက် ရဲဗလဦးစောထွန်းကပင် "မီးဖိုနဲ့ ခေါင်မိုး-ကျပ်ခိုးစင်နဲ့ နီးကပ်နေရင်လဲ အပူရှိန်ကြောင့် မီးလောင်လွယ်ပါတယ်။ မီးဖိုခန်းက ကျဉ်းမယ်၊ လေဝင်လေထွက်မကောင်းဘူးဆိုရင်တော့ ဂက်စ်အိုးနဲ့ ချက်ပြုတ်ခြင်းကို မလုပ်သင့်ပါဘူး။ ဂက်စ်မီးဖိုနဲ့ တည်မယ်ဆိုရင် မတည်ခင်မှာ ဂက်စ်မီးဖိုပိုက်ခေါင်း တပ်ဆင်ထားမှု သေချာဖို့ အရေးကြီးပါတယ်။ ပထမတစ်ခါသုံးပြီး ပြန်ပိတ်တော့မလုံတဲ့အတွက် ဂက်စ်ယိုစိမ့်မှု၊ ပြန့်နေမှုရှိမရှိ စစ်ဆေးဖို့လည်း လိုအပ်ပါတယ်။ များသောအားဖြင့် ဂက်စ်ပြန်လည်ထည့်ဖို့အတွက် စလင်ဒါအိုးဘက်က ခေါင်းက အဖြုတ်အတပ်များတာမို့ ပိုဂရုစိုက်ဖို့လိုပါတယ်။ အဲဒါတွေကို သတိမထားဘဲ မီးခြစ် ခြစ်လိုက်မယ်ဆို အလွယ်တကူ မီးလောင်မှု ဖြစ်ပွားနိုင်ပါတယ်" ဟု ရှင်းပြပါသည်။

လျှပ်စစ်မီးနှင့် ချက်ပြုတ်ခြင်းနှင့်ပတ်သက်၍ "ယနေ့ အများဆုံးဖြစ်ပွားနေတဲ့ မီးဖိုမီးက လျှပ်စစ်နဲ့ ချက်ပြုတ်တဲ့အခါ ဖြစ်ပါတယ်။ မူလ ချက်ပြုတ်စဉ်က လျှပ်စစ်မီးလာပေမယ့် လျှပ်စစ်ပြတ်တောက်သွားမယ်ဆိုရင် ချက်ချင်းမီးခလုတ်ကိုဖြုတ်ပါ။ ဖြုတ်ပြီးမှ မီးဖိုခန်းကထွက်ပါ။ မေ့လျော့ပြီး အိမ်အပြင်ကို ထပ်ပြီး ထွက်သွားမယ်ဆိုရင် လျှပ်စစ်မီးပြန်လာတဲ့အခါ တည်ထားတဲ့အိုးက အပူရှိန်လွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် လျှပ်စစ်မီးပြတ်တာနဲ့ ပလပ်ဖြုတ်ပါ။ လျှပ်စစ်မီးပြန်လာမှ ပြန်တည်ပါလို့ သတိပေးပြောကြားလိုပါတယ်" ဟု အသိနှင့်ယှဉ်၍ သတိနှင့် လျှပ်စစ်မီးကို အသုံးပြုနိုင်ကြစေရန် ပြောကြားပေးခဲ့ပါသည်။

ထို့နောက် ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းတွင် မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြပွဲသို့ လိုက်ပါလာခဲ့သည်။ စခန်းရှိ အိမ်ထောင်သည်လိုင်းမှ

> **"ဂက်စ်မီးဖိုက ဖြစ်တတ်တဲ့ မီးလောင်မှုကို ငြိမ်းသတ်တဲ့ နည်းရလိုက်တဲ့အတွက် ဝမ်းသာမိပါတယ်။"**
> ဒေါ်လှလှအေး (အိမ်ရှင်မ)

အိမ်ရှင်မများ စုစုဝေးဝေး တက်ရောက်သည်ကို တွေ့မြင်လိုက်ရသည်။ ဟောပြောချက်များကို အသေအချာ ဂရုစိုက်နားထောင်ကြသည်။

လက်တွေ့သရုပ်ပြပွဲတွင် ဒယ်အိုးအတွင်းသို့ မီးဝင်ရောက်မှု၊ ဆီမီးလောင်ကျွမ်းမှု၊ ဂက်စ်အိုးမှ မီးလောင်ကျွမ်းမှုများကို ကြည့်မြင်တိုင်မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးသန်းထက်အောင်နှင့် အဖွဲ့က ဦးစွာသရုပ်ပြ သင်ကြားပေးသည်။

ထို့နောက် အိမ်ရှင်မများက တစ်ဦးချင်း လက်တွေ့ငြိမ်းသတ်ပြကြသည်။ တည်တည်ငြိမ်ငြိမ် ရဲရဲဝံ့ဝံ့ဖြင့် ပညာပေးမှုကို အတုယူနိုင်စွမ်းရှိသော အိမ်ရှင်မများပင်ဖြစ်သည်။

အိမ်ရှင်မတစ်ဦးဖြစ်သည့် ဒေါ်နုနုအေးနှင့် စကားပြောဖြစ်သည်။ သူမက "အရင်ကဆို ဒယ်အိုးထဲ မီးဝင်တောက်ရင် အရမ်းကြောက်တာပဲ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး၊ အခုတော့ အလွယ်လေးပဲ အိုးအဖုံး ဒါမှမဟုတ် ရေစိုဝတ်နဲ့ အုပ်လိုက်တာနဲ့ မီးက ငြိမ်းသွားတာ အိမ်က ကလေးတွေကို ဆင့်ပွားသင်ပေးရဦးမယ်"ဟု ပြောကြားသံက မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ လက်တွေ့နှင့်ယှဉ်သော ပညာရပ်တစ်ခုကို ရလိုက်သည့်အတွက် တက်ကြွနေသောအသံဖြစ်သည်။

အတွေ့အကြုံကောင်းတစ်ခု

နောက်အိမ်ရှင်မတစ်ဦးဖြစ်သည့် ဒေါ်လှလှအေးက "ကျွန်မကတော့ ဂက်စ်မီးဖိုက ဖြစ်တတ်တဲ့ မီးလောင်မှုကို ငြိမ်းသတ်တဲ့နည်းရလိုက်တဲ့အတွက် ဝမ်းသာမိပါတယ်၊ ဂက်စ်ငွေ့ထွက်ပိုက်ကလေးကို ဟောဒီလိုခေါက်လိုက်ရုံနဲ့ မီးနဲ့ဂက်စ်ငွေ့ အဆက်ပြတ်သွားတဲ့အတွက် မီးက သူ့အလိုလို ငြိမ်းသွားပါတယ်၊ နောက်ဂက်စ်အိုးမှာဖြစ်တဲ့ မီးလောင်မှုကိုတော့ ငြိမ်းတဲ့ မီးသတ်ဆေးဘူးကို မြင်သာမြင်ဖူးပေမယ့် မသုံးခဲ့ဖူးဘူး၊ တကယ်လိုအပ်တဲ့အခါ အမှန်တကယ် အသုံးဝင်တဲ့ပစ္စည်းကောင်းတစ်ခုပါ၊ အိမ်မှာလည်း ဆောင်ထားဦးမှာပါ"ဟု အတွေ့အကြုံကောင်းတစ်ခုကို ရလိုက်သည့်အတွက် ကျေနပ်နေသည့်အသွင် ရှိနေသည်။

မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ကွင်းဆင်းဟောပြော သရုပ်ပြရကျိုးနပ်ပေပြီ။ တစ်ဦးတစ်ယောက်မှ စ၍ တစ်မြို့နယ်၊ တစ်နိုင်ငံလုံးရှိ အိမ်ရှင်မများအနေဖြင့် ယခုလို စိတ်ဝင်တစားရှိပြီး နည်းနာယူလိုက်နာဆောင်ရွက်သွားပါက မီးလောင်မှုများတွင် အများဆုံးဖြစ်ပွားတတ်သည့်ပေါ့ဆမီး၊ မီးဖိုမီးမှ စတင်မီးလောင်ကျွမ်းမှုများ၊ အိမ်ရှင်မများအတွက် မီးဘေးအန္တရာယ်များ နည်းသည်ထက်နည်းပြီး မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုများ လျော့ပါးလာတော့မည်မှာ အမှန်ပင်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

> **ဆီမီးလောင်မှုတွင် မီးသတ်ဆေးဘူးဖြင့် အိမ်ရှင်မတစ်ဦးက လက်တွေ့ငြိမ်းသတ်ပြစဉ်။**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

သထုံမြို့နယ် မြို့မဈေးမီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့်လုံခြုံရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်နေမှုကို ဧပြီ ၆ ရက်က အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကသာမြို့နယ် မြို့မဈေးနှင့်သီရိခေမာဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၁၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လျှပ်စစ်ဦးစီးမှူးနှင့်မြို့နယ်မီးသတ်ဦးစီးမှူးတို့ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်က မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက်များရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်စွမ်းရည် တိုးတက်မြင့်မားရေး၊ စနစ်တကျ မီးငြိမ်းသတ်ရေး လေ့ကျင့်ဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့်တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၂ ရက်က ပြင်ဦးလွင်မြို့နယ် မြို့မဈေးကြီးတွင် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသည့် ရေစုပ်စက်များကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ကြိုးပမ်းဖော်ဆောင်

မိမိတို့မြို့နယ်အလိုက်၊ အခြေခံပညာ ကျောင်းအလိုက် ပညာရေးအရည်အသွေး မြင့်မားတိုးတက်ရေးအတွက် ကြိုးပမ်းလေ့လာသင်ယူသွားကြပြီး သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းလည်း မှာကြားခဲ့သည်။

အဆိုပါ အခြေခံပညာကျောင်းအုပ်ချုပ်မှုမွမ်းမံသင်တန်းသို့ မြို့နယ်ပညာရေးမှူးများနှင့် အထက်တန်းကျောင်းအုပ်ကြီးများ စုစုပေါင်း ၂၂၀ တက်ရောက်လျက်ရှိပြီး မေ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။

(စွမ်းအင်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန အခြေခံပညာကျောင်း အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၅/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကနေဒါနိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ထံ သံအမတ်ကြီး ဦးကျော်တင်က ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၉

ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဧပြီ ၁၉ ရက်တွင် အော်တာဝါမြို့၌ ကနေဒါနိုင်ငံ ဘုရင်ခံချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒေးဗစ်ဂျွန်စတန်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမင်းလွင်က ၎င်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၉

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမင်းလွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၁ ခုနှစ် ဧပြီ ၂၁ ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဇီလာ ရာမန်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၂၅	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	တေးဂီတအစီအစဉ်
၄း၁၅	၃။	အကပြိုင်ပွဲ
၄း၂၀	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄း၂၅	၅။	နှောင်းခေတ်တေးပဒေသာ
၄း၃၅	၆။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၈။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၉။	**လှေကားသုံးထစ်ဆင်းတဲ့အခါ**
၅း၂၅	၁၀။	ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	**ရသစုံလင် အင်တာနက်ဥယျာဉ်**
၇း၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၂၈)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**လျှပ်တစ်ပြက်ဟာသများ**
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု** (အပိုင်း-၁၂)
	၂၀။	**သီချင်းချစ်သူ**
	၂၁။	အစီအစဉ်ပြီး၏။

လုပ်ငန်းများကို အရည်အချင်းပြည့်ဝစွာဖြင့် ရိုးသားစွာ စေတနာထားဆောင်ရွက် တောင်သူများဘဝ တိုးတက်အောင် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေး

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ညောင်ဦးခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၈

ဝန်ထမ်းများသည် မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများကို အရည်အချင်းပြည့်ဝစွာဖြင့် ရိုးသားစွာ စေတနာထား၍ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပြည်သူအပေါ် အမိန့်ပေးခိုင်းစေရမည် မဟုတ်ဘဲ ဝန်ထမ်းသည် ပြည်သူကို အလုပ်အကျွေးပြုရမှာ ဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဧပြီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် အနော်ရထာခန်းမ၌ ကျင်းပသည့် ညောင်ဦးခရိုင်၊ မြို့နယ်နှင့် မြို့နယ်ခွဲရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပွဲ၌ ပြောကြားခဲ့သည်။

ဖော်ဆောင်

ဆက်လက်၍ မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများ၏ စာရင်းဇယားများ၏ ကိန်းဂဏန်းများ မှန်ကန်ရေး၊ အခြေအနေမှန်များကို တင်ပြရေး၊ တောင်သူလယ်သမားများ၏ ဘဝတိုးတက်အောင် အတိုးနှုန်း သက်သာစွာဖြင့် ငွေချေးပေးနိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်သည် မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာ ဝန်ကြီးဌာန ဝန်ကြီးဦးဖုန်းဇော်ဟန်နှင့် လယ်ယာနှင့်သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်း လိုက်ပါလျက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်းသို့ ရောက်ရှိရာ ကျောက်ပန်းတောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်က မြို့ရေပေးဝေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် မကျီးတန်းကျေးရွာအုပ်စု ပြင်းကွင်းအမှတ်(၂၂၇၀) တောင်သူဦးသိန်းအောင်၏ ကြက်မောက်တောင်ဆည်ရေသောက်ရွှေမနော် ဧက ၅၀၌ နွေစပါး စိုက်ပျိုးထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ရွှေမနော်မျိုးအား ထိန်းသိမ်း၍ ကျယ်ပြန့်စွာစိုက်ပျိုးရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ညနေပိုင်းတွင် သဲတော ဝမ်းတွင်း အရှေ့ဘက်ရှိ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်နှင့် တာဝန်ရှိသူများက ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း၊ နမ့်ပါပေါင်းရေလှောင်တမံစီမံကိန်း၊ ဇော်ဂျီဘက်စုံ ရေလှောင်တမံစီမံကိန်း (၁၉၉၇-၁၉၉၈ ပြီးစီး)၊ မြို့ကြီးရေလှောင်တမံစီမံကိန်း၊ မိတ္ထီလာလွင်ပြင် မြောင်းမကြီးစီမံကိန်းတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာပေါင်းစည်ပင်သာယာ ပေါင်းမြက်များရှင်းလင်း

သာပေါင်း ဧပြီ ၂၈

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ဧပြီ ၂၁ ရက်က မြို့အဝင်မြေယာရှုခင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းကြရာ မြို့နယ်အမှုဆောင်အရာရှိ ဦးဌေးလွင်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

လှော်ကားဥယျာဉ် အလုပ်သမားနေ့ ဖွင့်ထားမည်

ရန်ကုန် ဧပြီ ၂၈

သစ်တောဦးစီးဌာန လှော်ကားဥယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားပြီး မေ ၁ ရက် (အလုပ်သမားနေ့) တွင်လည်း ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ဂျပန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Takashi SAITO သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၄-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သာသနာ့ဂုဏ်ရည်** တရားတော် ဩောင်ကန်ဆရာတော် အရှင်ဣန္ဒက
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၆)
- ၈:၅၀ ပျော်စရာကြီး Live Show (အပိုင်း-၅)
- ၉:၂၀ မြန်မာနှစ်ဦးကုသိုလ်မင်္ဂလာ (ဒေဝဒဟသဗ္ဗသိဒ္ဓိ၊ နတ်စင်တစ်ရာကျောင်း)
- ၉:၃၀ Movie Talk ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီဦးအောင်ခိုင် (အပိုင်း-၃)
- ၉:၅၅ Activities in the City (တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းတော်ကြီး၏ မြတ်ဆရာပူဇော်ပွဲ)
- ၁၀:၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း
- ၁၀:၂၀ **ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-ဆွေဇင်ထိုက်)]
- ၁၀:၃၀ ဖက်ရှင်လမ်းညွှန် (Aroma ရဲ့ 2011 Wedding Dress)
- ၁၁:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း သုံးထပ်ကွမ်းအကယ်ဒမီ ခင်သီတာထွန်းနှင့်တွေ့ဆုံခြင်း
- ၁၁:၃၀ MRTV -4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ ၄က်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရိုန်
- ၁၂:၂၅ မေတ္တာစမ်းနံ့သင်းက… ပန်းကလေးများ၏အလှရွှေ…
- ၁၂:၅၀ မြတ်နိဗ္ဗာန်ကိုရည်မှန်း၍…
- ၁:၀၀ **သာသနာ့ဂုဏ်ရည်** တရားတော် ဩောင်ကန်ဆရာတော် အရှင်ဣန္ဒက
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၈၈)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၆)
- ၅:၁၀ Activities in the City
  - သာသနာ့အမွေခံကုသိုလ် စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာ
  - Hepto Rep Night
- ၅:၃၀ ထူးခြားဆန်းသစ် INAX Title နှင့်အသက်ရှူကျောက်ပြား Eco carat
- ၅:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ချမ်းမြေ့ရိပ်သာကျောင်း စာရေးတံမဲပွဲ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ကြည့်ရှုစရာသတ္တဝါအစုံအလင်နဲ့ အပန်းဖြေအနားယူနိုင်တဲ့ ဗန်ကောက်မှ SAFARI WORLD
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း -၈၉)
- ၇:၃၀ ပျော်စရာကြီး Live Show (အပိုင်း-၆)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသရုပ်ပြခန်း **(အိန္ဒိအိန္ဒိ-မတူညီတဲ့ရောစပ်ခြင်း)**
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၇)
- ၁၀:၂၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အလန်းဇယား**
- ၁၀:၄၀ VJ Choice
- ၁၁:၀၅ World of Knowledge (My Brilliant Brain Accidental Genius)
- ၁၁:၅၅ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်…
- ၁၂:၀၅ Science for All (ဆူနာမီအန္တရာယ်သတိပြုဖွယ်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၂:၃၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၂:၃၅ Box Office Movies (Fast & Furious 4)
- ၁၂:၅၅ ကလောဈေးနေ့
- ၁:၀၀ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
- ၁:၂၅ စွမ်းရည်မြင့်မားလယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
- ၁:၅၅ အလှဆင်စရာပရိဘောဂကမ္ဘာ (မြနန်းပုံပရိဘောဂ)
- ၂:၀၅ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုင်ရာဗဟုသုတလေ့လာပါ RESOURCE CENTER မှာ
- ၂:၂၅ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
- ၂:၅၀ မြန်မာ့ရွှေချည်ထိုးပညာ
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ
- ၄:၃၀ ခနုဖြူမြို့ရဲ့အထင်ကရနေရာများ ဆီသို့အလည်တစ်ခေါက်
- ၄:၄၀ စိန်ဘုရားများသီတင်းသုံးရာပဒုမ္မာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ဧပြီ ၂၃ ရက်က အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မန္တလေးမြို့ မြောက်ပြင်ဓာတ်အားခွဲရုံ၌ တပ်ဆင်ရန် ရန်ကုန်မြို့မှ ရေယာဉ်ဖြင့် သယ်ဆောင်လာသော (၂၃၀/၃၃/၁၁) ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံးအား ဂေါဝိန်(ချော်ဆိပ်)ဆိပ်ကမ်းမှ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ သယ်ယူရန် ရေယာဉ်ပေါ်မှ မော်တော်ယာဉ်ပေါ်သို့ ပြောင်းရွှေ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

စာသင်ကျောင်းများ ကျောင်းဖွင့်အမီပြီးစီးရေး ဆောင်ရွက် စီမံကိန်းလျာထားချက်များ အပြည့်အဝ အကောင်အထည်ဖော်

ရန်ကုန် ဧပြီ ၂၈

ဝန်ထမ်းများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် လုပ်ငန်းများ အတူတကွ လက်တွဲဆောင်ရွက်ကြရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ရှိရေး၊ သတင်းလုံခြုံမှု၊ စာရွက်စာတမ်း လုံခြုံမှုအပါအဝင် လုံခြုံရေး သတိရှိရေး၊ အသစ်ဆောက်လုပ်နေသော စာသင်ကျောင်းများ ကျောင်းဖွင့်ရက်အမီ ပြီးစီးရေး၊ နွေရာသီ ရောက်ရှိလာပြီဖြစ်၍ မီးဘေးလုံခြုံမှု အထူးဂရုပြုရေး၊ သောက်သုံးရေ မပြတ်လပ်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရေး၊ စီမံကိန်းလျာထားချက်များ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ပြောကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စစ်တောင်းတံတား (မုပ္ပလင်)နှင့် စစ်တောင်းတံတားဟောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ညနေပိုင်းတွင် ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး မိုးယွန်းကြီးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အတူ ရပ်ကွက်/ကျေးရွာရှိ ပြည်သူများအားလုံး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ မှုခင်းများ ကျဆင်းစေရန်အတွက် ပညာပေးဟောပြောပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ကြရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်သွားကြရန်နှင့် မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ကြရန်တို့ကို မှာကြားသည်။

ထို့နောက် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ထားသော အလိုတော်ပြည့် သောက်သုံးရေကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း စစ်တောင်းတံတားဟောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဇလွန်မြို့နယ် ကျုံရှကျေးရွာ ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို သမဝါယမဝန်ကြီးဌာန၊ ကျေးရွာနေပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်က ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော် စိန်တစ်လုံးသရက်ဗုန် ရာသီချိန်မီ စိုက်ပျိုးရန် နှိုးဆော်

နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲယာ တစ်လျှောက်၌ စိန်တစ်လုံးသရက်စိုက်ပျိုးရေး သီးသန့်ဇုန်ခြံများ ဖော်ထုတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုအဖွဲ့၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ချထားပေးသော မြေကို လေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၍ ပထမနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၅ ရာခိုင်နှုန်းစိုက်ပျိုးသွားရန်နှင့် နောက်ဆုံးနှစ်တွင် စိုက်ပျိုးမြေများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပထမနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သော ၃၀ ရာခိုင်နှုန်းကို ယနေ့အထိ လုပ်ငန်းများ စတင်ဆောင်ရွက်သူများရှိသကဲ့သို့ လုံးဝ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသူများလည်း ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် စိန်တစ်လုံးသရက်စိုက်ပျိုးရန်အတွက် ယခုအချိန်တွင် မြေဖော် တောရှင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ပျိုးပင်များကို အချိန်မီစုဆောင်းပြီး ရာသီအမီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကယ်၍ ရာသီအချိန်မီ စိုက်ပျိုးခြင်းမပြုသော သရက်ဇုန်ခြံမြေကွက်များကို နေပြည်တော် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးပြီး စိန်တစ်လုံးသရက် စိုက်ပျိုးရန် ချထားပေးသော အမည်စာရင်းမှ ပယ်ဖျက်၍ အခြားအမှန်တကယ် စိုက်ပျိုးလုပ်ကိုင် လိုသူများကို မြေနေရာပြန်လည်ချထားသွားမည် ဖြစ်ကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။

နေပြည်တော် စိန်တစ်လုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီ။

မြန်ပြည်တစ်ဝန်း အပူချိန်များလျော့နည်းမည်

နေပြည်တော် ဧပြီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၂၉ ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များ ဆက်လက်လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။ **(မီးသတ်ဦးစီးဌာန)**

နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင် နိုင်ငံတကာ ရုပ်ရှင်

ဟောလီဝုဒ်သရုပ်ဆောင် ကိတ်ဟက်ဆင် ရော့ခ်အဆိုတော်နှင့် စေ့စပ်ပြီ

မောင်မောင်မြင့်ဆွေ
ရေးသားသည်

လော့စ်အိန်ဂျလိစ် ဧပြီ ၂၈

ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး ကိတ်ဟက်ဆင်သည် ရော့ခ်တေးဂီတအဆိုတော် မက်ဘယ်လာမီနှင့် တရားဝင်စေ့စပ်လိုက်ပြီဖြစ်သည်။

ဟောလီဝုဒ်မှ အလုဘုရင်မဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့် ကိတ်ဟက်ဆင်အား စေ့စပ်လက်စွပ်အဖြစ် စိန်ပွင့်လေးများ စီခြယ်ထားသည့် တန်ဖိုးကြီးမားသော စိန်လက်စွပ်ကို အဆိုတော် မက်ဘယ်လာမီက ဝတ်ဆင်ပေးခဲ့သည်။ အသက် ၃၂ နှစ်အရွယ်ရှိသည့် ကိတ်ဟက်ဆင်သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ မွေးဖွားခဲ့သူဖြစ်သည်။ ငယ်စဉ်ကပင် ရုပ်ရှင်အနုပညာကို ဝါသနာပါခဲ့သူဖြစ်ပြီး အသက် ၁၇ နှစ်ခန့်ကပင် ရုပ်ရှင်လောက၌ စတင်အခြေချခဲ့သူဖြစ်သည်။

ကိတ်ဟက်ဆင်သည် အသက် ၂၁ နှစ်အရွယ်၌ ခရစ်ရိုဘစ်ဆင်နှင့် လက်ထပ်ခဲ့ပြီး ခြောက်နှစ်အကြာ ၂၀၀၆ခုနှစ်တွင် ကွာရှင်းပြတ်စဲခဲ့သည်။ ထိုနောက်ပိုင်း လက်မထပ်တော့ဘဲ တစ်ဦးတည်းနေလာခဲ့ရာမှ ရော့ခ်တေးဂီတအဆိုတော် မက်ဘယ်လာမီနှင့်တွေ့ဆုံပြီးနောက် လက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကိတ်ဟက်ဆင်၏ နာမည်ကြီးရုပ်ရှင်ဇာတ်ကားများမှာ *The Four Feather*၊ *Le Divorce*၊ *Raising Heleh*၊ *The Skeleton Key*၊ *Food's Gold*၊ *You, Me & Dupree*၊ *My Best Friend's Girl*၊ *Bride Wars*၊ *Nine* နှင့် *The Killer Inside Me* ရုပ်ရှင်ဇာတ်ကားများဖြစ်ကြသည်။

ရုပ်ရှင်အနုပညာနှင့် ပတ်သက်ပြီး ရရှိခဲ့သောဆုများမှာ ၂၀၀၁ ခုနှစ်က ရွှေကမ္ဘာလုံး အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် ထူးချွန်ဆု၊ ၂၀၀၀ ပြည့်နှစ်က လပ်စ်ဗီးဂတ်စ် ရုပ်ရှင်ထူးချွန်ဆုနှင့် ဖလော်ရီဒါရုပ်ရှင်ဆုများ ရရှိဆွတ်ခူးခဲ့သူဖြစ်သည်။

လောလောဆယ်တွင် ဟောလီဝုဒ်၌ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် စီစဉ်နေကြောင်း သိရသည်။ (အင်တာနက်)

ဟောလီဝုဒ်ရုပ်ရှင်သရုပ်ဆောင် ကိတ်ဟက်ဆင်(ယာ)နှင့် ရော့ခ် တေးဂီတအဆိုတော် မက်ဘယ်လာမီတို့ကို ဤသို့ တွေ့ရသည်။

(၁၂)ကြိမ်မြောက် ဂျွန်ဂျူနိုင်ငံတကာ ရုပ်ရှင်ပွဲတော် တောင်ကိုရီးယားသရုပ်ဆောင်များ တက်ရောက်

ဆိုးလ် ဧပြီ ၂၈

တောင်ကိုရီးယားနိုင်ငံအနောက် တောင်ပိုင်း ဂျွန်ဂျူမြို့တွင် (၁၂)ကြိမ်မြောက် ဂျွန်ဂျူနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ဧပြီ ၂၈ရက်မှ စတင်ကျင်းပနေပြီဖြစ်သည်။

ကိုးရက်ကြာ ကျင်းပမည့် ၎င်းရုပ်ရှင်ပွဲတော်သို့ တောင်ကိုရီးယားမှ ရုပ်ရှင်သရုပ်ဆောင်များ ဖြစ်သည့် ယိုဂျွန်ဆန်နှင့် ဟောင်အမ်ဟေး၊ ဆောင်ဂျွန်ကီနှင့် ပက်ရှန်ဟေ(ဝဲပုံ)တို့အပြင် လီအင်ဟေး၊ ဂျွန်စီဟောင်၊ ပက်ယီဂျင်တို့အပါအဝင် တောင်ကိုရီးယား သရုပ်ဆောင်များ၊ နိုင်ငံတကာမှ ဒါရိုက်တာများနှင့် သရုပ်ဆောင်များလည်း ပါဝင်ဆင်နွှဲကြသည်။

ဂျွန်ဂျူနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ ကမ္ဘာ့နိုင်ငံပေါင်း ၃၈နိုင်ငံမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၉၀ ပါဝင်ပြသကြသည်။ ယခုနှစ် ဂျွန်ဂျူနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲ၌ ဒါရိုက်တာ အက်ဟာဖာဟာဒီရိုက်ကူးသည့် အီရန်ဒရာမာရုပ်ရှင်ဇာတ်ကား *Nader and Simin, A Separation* ဖြင့် ပြသဖွင့်လှစ်မည်ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ဘာစီလိုနာတို့ နှစ်ဂိုးဖြင့် အနိုင်ရရှိ

မက်ဒရစ် ဧပြီ ၂၈

အာကာဟိန်း - ရေးသားသည်

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ဧပြီ ၂၈ ရက် နံနက်က ရီးရဲမက်ဒရစ်ကွင်း ဘာနေဗြူး၌ ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာတို့က နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အိမ်ကွင်း၌ ကစားရသော်လည်း ရီးရဲမက်ဒရစ်တို့ ခြေပေါ်အောင် မကစားနိုင်ခဲ့ချေ။ ဧည့်သည် ဘာစီလိုနာတို့က ကစားကွက်အသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပထမပိုင်း ပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

အိုဇေးလ်၊ ဒီမာရီယာ၊ အလွန်ဆိုနှင့် စီရော်နယ်ဒိုတို့လည်း ဘာစီလိုနာဘက်သို့ အပိုင်ကန်သွင်းခွင့် အခွင့်အရေးရရှိအောင် ကြိုးစားခဲ့သော်လည်း ထင်တိုင်း မပေါက်ခဲ့ချေ။

ဒုတိယပိုင်း ပွဲချိန် ၇၆ မိနစ်နှင့် ၈၇ မိနစ်တို့တွင် ဘာစီလိုနာအတွက် မက်ဆီက နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အိမ်ရှင် ရီးရဲမက်ဒရစ်တို့လည်း နောက်ခံလူ ပီပီ အနီကတ်ပြ အထုတ်ခံရပြီး ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသဖြင့် နည်းပြ မော်ရင်ဟို၏ ရီးရဲမက်ဒရစ်အသင်းအတွက် ဘောလုံးရှုံး လူရှုံးဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားသည့်ပွဲ၌ ဘာစီလိုနာ တိုက်စစ်မှူး မက်ဆီ (လယ်) ဤသို့ ထိုးဖောက်ကစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

မောင်ချစ်ကြည် – စုစည်းသည်

အားကစားသတင်းအတိုအထွာ

❍ အင်ဒိုနီးရှားမှ မီနီဖလိုင်းဝိတ်တန်းလက်ဝှေ့ချန်ပီယံ မူဟာမက်ရက်မင်းက မိမိသည် ဒဗလျူဘီအို၊ ဒဗလျူဘီစီနှင့် အိုင်ဘီအက်ဖ် ချန်ပီယံများဖြစ်လိုကြောင်း၊ ပြိုင်ပွဲများတွင် ဆက်လက်ထိုးသတ်သွားမည်ဖြစ်ကြောင်း ဧပြီ ၂၈ ရက်၌ထုတ်ဖော်ပြောကြားသည်။

❍ အာဆင်နယ်တိုက်စစ်မှူး အာရှာဗင်အား ရုရှားကလပ် ဇီးနစ်စိန့်ပီတာစဘတ်ကလပ်က ခေါ်ယူလိုကြောင်း ကမ်းလှမ်းချက်ကို မိမိတို့လက်ခံရရှိကြောင်း အာဆင်နယ်ကလပ်က ဧပြီ ၂၈ ရက်၌ ထုတ်ဖော်ပြောကြားသည်။

❍ ရီးရဲမက်ဒရစ်အသင်း နောက်တန်းတောင့်တင်းရန်အတွက် ချယ်လ်ဆီးနောက်တန်းခံစစ်မှူး ဂျွန်တယ်ရီအားခေါ်ယူရန် နည်းပြမော်ရင်ဟိုက ကြိုးစားနေကြောင်း ၎င်းကလပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

❍ အင်တာမီလန်မှ ဒတ်ချ်တိုက်စစ်မှူး ရှနိုက်ဒါအား မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းပေး၍ ခေါ်ယူလိုကြောင်း၊ လာမည့်နွေရာသီဘောလုံးသမားအပြောင်းအရွှေ့ကာလ၌ ခေါ်ယူစာချုပ်နိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ဧပြီ ၂၈ ရက်၌ ထုတ်ဖော် ပြောကြားသည်။

❍ ရီးရဲမက်ဒရစ်သို့ အငှားချထားသော မန်စီးတီးတိုက်စစ်မှူး အဒီဘာယောအား လာမည့် မေလတွင် စာချုပ်သက်တမ်းကုန်ဆုံးပါက မန်စီးတီးအသင်းသို့ ပြန်လည်စေလွှတ်ရန် အသင့်ရှိနေကြောင်း ရီးရဲမက်ဒရစ်ကလပ်က ဧပြီ ၂၈ ရက်၌ ပြောကြားသည်။
(အင်တာနက်)

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

တိုယိုတာ ပစ်ကပ်ထရပ်ကားများ ဈေးကွက်မှ ပြန်ရုပ်သိမ်း

အာကာဟိန်း ✦ စုစည်းသည်

ချီကာဂို ဧပြီ ၂၈

၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံထုတ် တိုယိုတာတန်ဒရာ ပစ်ကပ်ထရပ်ကားအစီး ၅၁၀၀၀ကျော်တွင် ကားနောက်ဆုတ်သည့်အခါ လည်ပတ်သည့် ရှက်တံ ပုံမှန်အနေအထားမဟုတ်သောကြောင့် ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းရလျက်ရှိကြောင်း တိုယိုတာမော်တော်ကားကုမ္ပဏီက ဧပြီ ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းတိုယိုတာတန်ဒရာ မော်တော်ယာဉ်များကြောင့်ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားခဲ့ရာ စစ်ဆေးပြုပြင်မှုအချို့ ပြန်လည်ပြုလုပ်ရမည်ဖြစ်ကြောင်း တိုယိုတာကုမ္ပဏီက ပြောကြားသည်။ (အင်တာနက်)

တူရကီ၌ စစ်ဘက်ဂျက်လေယာဉ်ပျက်ကျ

အန်ကာရာ ဧပြီ ၂၈

တူရကီနိုင်ငံတွင် စစ်ဘက်ဂျက်တိုက်လေယာဉ်တစ်စင်း ဧပြီ ၂၇ ရက်က ပျက်ကျခဲ့ကြောင်း၊ သို့သော် လေယာဉ်မှူးနှစ်ဦးမှာ လေထီးဖြင့် အချိန်မီ ခုန်ထွက်နိုင်ခဲ့ကြောင်း တူရကီစစ်ဘက်က ဧပြီ ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ အက်ဖ်-၄အမျိုးအစား **(အောက်ပုံ)** ဂျက်လေယာဉ်ဖြစ်ပြီး လေ့ကျင့်ပျံသန်းနေစဉ် တူရကီနိုင်ငံ အီစကီစီဟီရာ ပြည်နယ်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

မော်ရိုကိုရှိ ကော်ဖီဆိုင်တစ်ဆိုင်၌ ဗုံးပေါက်ကွဲ ၁၄ ဦးသေဆုံး၊ ၂၀ ဒဏ်ရာရရှိ

ရာဘတ် ဧပြီ ၂၈

မော်ရိုကိုနိုင်ငံတောင်ပိုင်း မာရာကက်မြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်တွင် ဧပြီ ၂၈ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၄ ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း မော်ရိုကိုပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ဗုံးပေါက်ကွဲ

ဖြစ်ပွားမှုမှာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားသည့် မာရာကက်မြို့တွင်ရှိသော အာဂါနာအမည်ရှိ ကော်ဖီဆိုင်၌ ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

စုံစမ်းစစ်ဆေး

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကော်ဖီဆိုင်သို့ ကယ်ဆယ်ရေးအဖွဲ့ သွားရောက်ကာ အရေးပေါ်ကယ်ဆယ်ရေးများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဧပြီ ၂၈ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၂၅ ဒသမ ၀၁
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၄၃
၃။	ရွှေ	တစ်အောင်စ	၁၅၃၀ ဒသမ ၄၈
၄။	ငွေ	တစ်အောင်စ	၄၈ ဒသမ ၅၃
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၂၃
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၂၅ ဒသမ ၀၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား မြန်မာ-ယူနီဆက် ဌာနေကိုယ်စားလှယ်လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား မြန်မာ-ယူနီဆက် ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha ခေါင်းဆောင်သောအဖွဲ့သည် ဧပြီ ၂၇ရက် နံနက် ၉ နာရီက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုံးခန်း၌လာရောက်တွေ့ဆုံပြီး မြန်မာ-ယူနီဆက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေခံပညာရေးဆိုင်ရာ စီမံချက်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ဆက်နွှယ်သော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဧပြီ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှပွဲတော်သို့ တက်ရောက်ရေးနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတကာအဆင့် မသန်စွမ်းအနုပညာရှင်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်

ဖျော်ဖြေရေးနှင့် ယဉ်ကျေးမှုနှင့် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍
ဆက်နွှယ်သော ကဏ္ဍစုံပူးပေါင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး

ဒေါ်စန္ဒာခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Gao Hua သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (ဓါတ်ပုံ) (သတင်းစဉ်)

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

အလန်းဇယား ဆက်လက်အောင်ပွဲခံ
နေပြည်တော်ရုံ၌ DRIVE ANGRY ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၂၈

ယခု သီတင်းပတ်သောကြာ ဧပြီ ၂၉ ရက်တွင် မြန်မာဇာတ်ကားသစ်နှင့်နိုင်ငံခြားဇာတ်ကားသစ်များ ရုံမဝင်ဘဲ ပြသဆဲ ဇာတ်ကားများသာ ဆက်လက်ပြသမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံတို့တွင် ဝတ္ထု ဇာတ်ညွှန်း အကြည်တော်၊ ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ဩရသတို့ရိုက်ကူးသည့် **အလန်းဇယား** ရုပ်ရှင်ဇာတ်ကားဆက်ဝင်ဖြစ်သည်။

ဟာသ ဇာတ်မြူးကားဖြစ်ပြီး သူထူးစံ၊ မိုးအောင်ရင်၊ မိုးဟေကို၊ သင်ဇာဝင့်ကျော်၊ နန်းဆုရတီစိုး၊ မယ်လိုဒီ စသည့် သရုပ်ဆောင်များအပြင် ဗေလုဝနှင့် ဇရာကဲ့သို့သော

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ဟာသသရုပ်ဆောင် ဇာတ်ရုံများဖြင့် အားဖြည့်ထားရာ ပရိသတ်များ စိတ်လက်ပေါ့ပါးစွာဖြင့် အပန်းဖြေကြည့်ရှုနိုင်ကြမည် ဖြစ်သည်။

နေပြည်တော်ရုံတွင် DRIVE ANGRY(ဓါတ်ပုံ)ဇာတ်ကားဆက်လက်ပြသမည်ဖြစ်ရာ အက်ရှင်ဇာတ်ကားကောင်း ကြိုက်သူများအတွက် စိတ်လှုပ်ရှားဖွယ် ဇာတ်ဝင်ခန်းများကို မြင်တွေ့ရမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် THE MECHANIC ရုပ်ရှင်ဇာတ်ကား ဆက်လက်ပြသနေပါကြောင်း ရုပ်ရှင်သတင်း အမြည်းအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သထုံခရိုင်အတွင်း မြို့နယ်များ၌ မူလတန်းကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိ

နေပြည်တော် ဧပြီ ၂၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဧပြီ ၂၄ ရက် နံနက်ပိုင်းက သထုံခရိုင် ကျိုက်ထို၊ ဘီးလင်း၊ သထုံနှင့် ပေါင်မြို့နယ်များ၌ နိုင်ငံတော်က မတည်၍ ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ကျိုက်ထိုမြို့နယ် တောင်တက်မော်တော်ယာဉ်အသင်းမှ ဆောက်လုပ်လျက်ရှိသည့် အလျားပေ ၉၀၊ အနံပေ၃၀ အာရ်စီတစ်ထပ် ကော်ခြံမူလတန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဘီးလင်းမြို့နယ် အလျားပေ ၁၃၀၊ အနံပေ ၆၀ အုတ်ညှပ်တစ်ထပ် အမှတ်(၂) မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ အလျားပေ ၆၀၊ အနံပေ ၃၀ အုတ်ညှပ်တစ်ထပ် မူလတန်းကျောင်းတိုးချဲ့ဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း၊ ညနေပိုင်းတွင် ပေါင်မြို့နယ် မိုးနိုင်းရပ်ရှိ အလျားပေ ၁၂၀၊ အနံပေ ၃၀ အာရ်စီတစ်ထပ် မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း လှည့်လည်သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ချိန် ပြီးစီးအောင်ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**



ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်နိုင်နှင့်အဖွဲ့ ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဒွါရာဝတီ ကတ္တရာလမ်းခင်းခြင်းကို ဧပြီ ၂၅ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း

စာတည်းထံပေးစာများ

ရေမရသည်မှာ အတော်ကြာ ဆောင်ရွက်ပေးပါ

စာတည်းရှင့် -

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် (င/က)ရပ်ကွက် သံသုမာလမ်းမကြီးပေါ်ရှိ ချမ်းအေးမှတ်တိုင်နှင့်လုပ်သားလမ်းကြား အရှေ့ဘက်သို့ မျက်နှာမူထားသော အိမ်များ စည်ပင်ရေမရသည်မှာ တစ်နှစ်ခွဲခန့် ကြာမြင့်နေပြီဖြစ်ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရေရချင်သူ

လမ်းထိပ်ရှိကားများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား -

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၆ လမ်း(လယ်) မဟာဗန္ဓုလလမ်းမဘက်၏ လမ်းထိပ်အဝင်အနီး အိမ်တစ်အိမ်သည် လေလံကားအဟောင်းလေးငါးစီးခန့်ကို နှစ်ကာလကြာရှည်စွာ အမြဲမပြတ်ရပ်တန့်ထားရာ ယင်းကားများကို အကာအကွယ်ပြုပြီး ညဘက်တွင် မှောင်ရိပ်ခိုသည့်အပြင် လမ်းသွားလမ်းလာနှင့် အနီးအနားဈေးဆိုင်များမှ လူများလာရောက်၍ နေ့ရောညပါ အညစ်အကြေးစွန့်ခြင်းကြောင့် ပတ်ဝန်းကျင်နေသူများသည် အနံ့အသက်ဆိုးများကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေကြရပါသဖြင့် အဆိုပါကားများ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းအတွင်းနေထိုင်သူများ

ဝက်ခြံမှ အနံ့ဆိုး ပတ်ဝန်းကျင် မခံနိုင်

စာတည်းရှင့် -

ပဲခူးတိုင်းဒေသကြီး ပြည်မြို့(ရှာဘဲနယ်မြေ)ရွှေဟသာ်ာအနောက်ပေါက် ကျွန်းတော (၃)လမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ဝက်ခြံမှထွက်သော အညစ်အကြေး၊ အနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်း နေထိုင်သူ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်ရပါသဖြင့်လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ အနံ့ဆိုးမခံနိုင်သူ

ညှော်နံ့နှင့် အော်သံကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား -

ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်ဗိုလ်သူရလမ်းနှင့်ဗိုလ်တေဇလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်သည် အကြော်အလှော်ညှော်နံ့များကို နေ့စဉ် ပြုလုပ်နေသဖြင့် အညှော်နံ့ခံနေရသည့်အပြင် ၄င်းဆိုင်၌ ဘောလုံးပွဲပါ ပြသနေရာ ဂိုးဝင်ချိန် ပရိသတ်၏ အော်သံကြောင့် အိပ်ရေးပါပျက်ရပြီး ကျန်းမာရေး ထိခိုက်ရပါသောကြောင့် အဆိုပါ လက်ဖက်ရည်ဆိုင်အား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျန်းမာရေးထိခိုက်သူ**

မွေးမြူရေးခြံ ပြောင်းရွှေ့ပြီး

၂၉-၁၁-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ **သာကေတမြို့နယ် (၈)ရပ်ကွက် ရွှေအုတ်ဂူ (၃)လမ်းတွင် နွားမွေးမြူရေးခြံ ပြောင်းရွှေ့ပေးစေချင်** ပေးစာနှင့်ပတ်သက်၍ ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

29-4 (11).pmd 1 4/29/2011, 2:07 AM

စလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ရန်ပုံငွေဖြင့်(၁၁၃၀×၁၂)ပေအကျယ်ရှိ ရွှေတောင်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၁၆ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်း၊ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် ဆင်ဖြူကျွန်း ရပ်မိရပ်ဖ ဦးခင်မောင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ကျိုင်းတုံ ဧပြီ ၂၇

ကျိုင်းတုံခရိုင်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဧပြီ ၁၁ရက် နံနက် ၁၀ နာရီက ကျိုင်းတုံမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက အမှာစကား ပြောကြားပြီး ခရိုင် စီမံကိန်းဦးစီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်တင်က ကဏ္ဍတစ်ခုချင်းလိုက် စီမံကိန်းရည်မှန်းချက် တာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက စီမံကိန်း တာဝန်ပေးအပ်လွှာများကို ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်နှင့် မက်မန်းမြို့နယ်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်း ထွေတလာ

မြို့နယ်သာသနနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသည့် ယဉ်ကျေးလိမ္မာသင်တန်း အမှတ်စဉ်(၁)ဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၈ရက် နံနက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် သာသနရက္ခိတ ဓမ္မာရုံ၌ကျင်းပရာ ထီးလှိုင်ရှင် ဦးကိုကိုက သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းလင်းထံသို့ သင်တန်းဆင်းအထိမ်းအမှတ် ထီးများလှူဒါန်းစဉ်။

(မြန်မာ့အလင်း)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်၊စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုကို ဧပြီ ၅ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့်လမ်းအရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ပေရှိ မန္တလေးလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါ လမ်းသစ်မုခ်ဦးရှေ့၌ကျင်းပရာ သိန်းနီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် အမှုဆောင်အရာရှိ ဦးခင်စောတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(၀၇၂)

မြေကြီးမြေပုံနှင့်မြေစာရင်းမှန်ကန်ရေး စဉ့်ကိုင်မြို့၌ ဆောင်ရွက်

ကျောက်ဆည် ဧပြီ ၂၇

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းဟန်သည် ဧပြီ ၁၃ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနသို့ရောက်ရှိပြီး ဆောင်ရွက်လျက်ရှိသော မြေကြီးမြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းများ မှန်ကန်စွာဆောင်ရွက်ကြရေး မြေစာရင်းဦးစီးဌာနဝန်ထမ်းများအား တွေ့ဆုံမှာကြားကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

နိုကီယာဖုန်းရောင်းချမှု အနည်းငယ်ကျဆင်းခဲ့

လန်ဒန် ဧပြီ ၂၇

မိုဘိုင်းလ်ဖုန်း ထုတ်လုပ်သည့် နိုကီယာ၏ အမြတ်ဝင်ငွေသည် ၂၀၁၁ခုနှစ် ပထမသုံးလအတွင်း ယူရို ၃၄၄သန်းရှိပြီး ၁ ရာခိုင်နှုန်း ရောင်းအား ကျဆင်းခဲ့သည်။

နိုကီယာ၏ ရှယ်ယာဈေးကွက်မှာလည်း ဈေးချိုသည့်ဖုန်းများ အပြိုင်အဆိုင်ထုတ်လုပ်လာခြင်းကြောင့် ၂၉ရာခိုင်နှုန်းအထိကျဆင်းသွားခဲ့ကြောင်း သိရသည်။ နိုကီယာက ၄င်း၏ကျဆင်းလာသည့်ဈေးကွက်ကို တည့်မတ်ထားနိုင်ရန် မိုက်ခရိုဆော့ဖ်ကုမ္ပဏီနှင့် အဆင့်မြင့်စမတ်ဖုန်းများထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။ နိုကီယာက အပ်ပဲလ်မှ ထုတ်လုပ်သော အိုင်ဖုန်းနှင့် ဘလက်ဘာရီဟမ်းဆက်များကိုယှဉ်နိုင်ရန် အဆင့်မြင့်စမတ်ဖုန်းများ ထုတ်လုပ်သွားမည်ဟု ဆိုသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

အပ်ပဲလ်အိုင်ဖုန်းများ ရောင်းအားနှစ်ဆတက်

လန်ဒန် ဧပြီ ၂၇

ကွန်ပျူတာထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခု ဖြစ်သော (Apple) ကုမ္ပဏီက ထုတ်လုပ်သည့် အိုင်ဖုန်းများ ရောင်းချမှုမှာ နှစ်ဆနီးပါး မြင့်တက်ခဲ့ကြောင်း ၄င်းကုမ္ပဏီက ပြောကြားသည်။ **(အောက်ပုံ)**

လွန်ခဲ့သောသုံးလက အပ်ပဲလ် (Apple) ကုမ္ပဏီ၏ အိုင်ဖုန်းများ ရောင်းချခဲ့ရာတွင် အသားတင်အမြတ် အမေရိကန်ဒေါ်လာ ၅ဒသမ ၉၉ ဘီလီယံဖိုးရခဲ့ပြီး ယခင်နှစ်အလားတူကာလထက် အမြတ်နှစ်ဆရှိသည်ဟု ဆိုသည်။

ရောင်းအားတက်

ယခုနှစ် ဇန်နဝါရီလမှ မတ်လကုန်အထိ ၄င်းကုမ္ပဏီ၏ အိုင်ဖုန်းရောင်းချမှုမှာ အိုင်ဖုန်းအလုံးရေ ၁၈ ဒသမ ၆၅သန်းရှိသည်ဟု ဆိုသည်။ ရောင်းအား ကောင်းလာသည်နှင့်အမျှ ၄င်း၏ ရှယ်ယာမှာလည်း ၂ ဒသမ ၅ရာခိုင်နှုန်းအထိ တိုးတက်လာသည်။

(အင်တာနက်)

မြန်မာ့အလင်း ကမ္ဘာ့အိုင်တီဈေးကွက်

ကောင်းမြတ်သူ စုစည်းသည်

ကွန်ပျူတာ အမျိုးစားသစ်နှစ်မျိုး ဆိုနီကုမ္ပဏီမှထုတ်လုပ်

လန်ဒန် ဧပြီ ၂၇

ဆက်သွယ်ရေး နည်းပညာများ တိုးတက်လာသည်နှင့်အမျှ အိုင်တီကုမ္ပဏီကြီးများက အရည်အသွေးပို၍ သာလွန်ကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခြင်းဖြင့် ဈေးကွက်နေရာ ပိုမိုရရှိရေး အပြိုင်အဆိုင် ကြိုးစားလာကြသည်။



ယခုတစ်ဖန် ဆိုနီကုမ္ပဏီက ဂူဂဲ၏ Android operating system သုံး tablet ကွန်ပျူတာနှစ်မျိုး ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဧပြီ ၂၆ ရက်က ကြေညာလိုက်သည်။

ခန့်မှန်းတွက်ချက်

အဆိုပါ Android operating system သုံး ကွန်ပျူတာများသည် ကမ္ဘာပေါ်တွင် အမြန်ဆုံးကြီးထွားလာသည့် အိုင်တီဈေးကွက်ကို ထိုးဖောက်ပြီး ၂၀၁၅ ခုနှစ်အရောက်တွင် အိုင်တီဈေးကွက်၏ ၃၈ရာခိုင်နှုန်းကို ခွဲဝေယူလိမ့်မည်ဟု အိုင်တီဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းတွက်ချက်ထားသည်။ **(အပေါ်ပုံ)**

တပ်ဆင်ထား

ဆိုနီက ယခုထုတ်လုပ်လိုက်သည့် tablet ကွန်ပျူတာများကို S1 နှင့် S2 ဟု အမည်ပေးထားပြီး ယခုနှစ်ကုန်ပိုင်းတွင် ဈေးကွက်သို့ရောင်းချနိုင်မည်ဟု ဆိုသည်။ ၄င်းကွန်ပျူတာငယ်များတွင် ဝိုင်ယာလက်စနစ်ဖြင့် ဗီဒီယိုကင်မရာ၊ တီဗွီအပါအဝင် အခြားထူးခြားကောင်းမွန်သောစနစ်အများအပြား တပ်ဆင်ထားကြောင်း သိရသည်။

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့ ပြန်လည်ရောက်ရှိ
ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်ငါးခု ဆွတ်ခူးခဲ့

ရန်ကုန် ဧပြီ ၂၈

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ငါးခု ဆွတ်ခူးရရှိခဲ့သော မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး အား/ကာ) ဦးဆောင်သည့် အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့သည် ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဖြင့် အာရှစံချိန်သစ်နှစ်ခုတင်နိုင်ခဲ့သော ရဲမင်းဆွေ၊ ငွေသုံးခု၊ ကြေးနှစ်ခု ဆွတ်ခူးနိုင်ခဲ့သော အောင်ငိုမ်းတို့အား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ဟောလိဝုဒ်သရုပ်ဆောင် ကိတ်ဟုဒ်ဆင် ရော့ခ်အဆိုတော်နှင့် စေ့စပ်ပြီ။ (စာ - ၁၀)

အိမ်ရှင်မများနှင့် ဖီး ဘေး အ န္တ ရာယ် သတင်းဆောင်းပါး။ (စာ - ၇)

မျက်နှာတစ်ခုလုံးအစားထိုးကုသမှု ဘော်စတွန်ဆေးရုံ၌ အောင်မြင်စွာ ဆောင်ရွက်နိုင်။ (စာ - ၄)

ချန်ပီယံလိဂ် အကြို ဗိုလ်လုပွဲ ပထမအကျော့ ဘာစီလိုနာတို့ နှစ်ဂိုးပြတ် အနိုင်ရရှိ။ (စာ - ၁၀)

မှတ်သားဖွယ် မိုးရေချိန်

၂၈-၄-၂၀၁၁

နေပြည်တော်(တပ်ကုန်း)	၁	ဒသမ	၁၈	လက်မ
သံတွဲမြို့	၂	ဒသမ	၉၉	လက်မ
မောင်တောမြို့	၂	ဒသမ	၉၂	လက်မ
စစ်တွေမြို့	၂	ဒသမ	၇၂	လက်မ
ရမည်းသင်းမြို့	၁	ဒသမ	၈၁	လက်မ
ပင်လောင်းမြို့	၁	ဒသမ	၇၇	လက်မ
တောင်ကုတ်မြို့	၁	ဒသမ	၇၇	လက်မ
မိုင်းဆတ်မြို့	၁	ဒသမ	၆၉	လက်မ
မုံရွာမြို့	၁	ဒသမ	၆၅	လက်မ